မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထောင်သည်။
Established 1914

၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ရက်၊ ၂၀၁၀ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၉)၊ အမှတ်(၉၉)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မိတ္ထီလာ-သာစည်-နန့်ပန်တက်-ကလော-တောင်ကြီး လမ်းပိုင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေ

ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇန်နဝါရီ ၆

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဇန်နဝါရီ ၅ရက် မွန်းလွဲပိုင်းတွင် သာစည်မြို့နယ် ယင်းမာပင်လမ်းရိပ်သာသို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် သာစည်-နန့်ပန်တက်လမ်းပိုင်း အခြေအနေများကို မော်တော်ယာဉ်ဖြင့် ဖြတ်သန်းကြည့်ရှုစစ်ဆေးကြပြီး ပြည်ညောင်တံတားသို့ ရောက်ရှိ၍ တံတားကြံ့ခိုင်မှု အခြေအနေများနှင့် တံတားသစ်တည်ဆောက်မည့် တံတားအုတ်ကြောင်းနေရာတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။ *စာမျက်နှာ ၃ ကော်လံ ၅* ❍

မြေကြီးက ရွှေသီးစေသည့် ဘုတလင်အင်းတောမြစ်ရေတင်

သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း
အောင်သန်း (မင်္ဂလာတောင်ညွန့်)

စာမျက်နှာဖွဲ့စည်းမှု-တိုးလွင်(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၆

သဘာဝမြေသယံဇာတ၊ ရေသယံဇာတ ပေါများလှသော မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ မြေနှင့်ရေ ဒွန်တွဲမှသာ စိုက်ပျိုးထုတ်လုပ်နိုင်မည်ဖြစ်သည်။ ထို့အတွက် နိုင်ငံတော်အစိုးရသည် ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက်လည်းကောင်း၊ ပိုလျှံသီးနှံများ ပြည်ပသို့ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံတော်အတွက် ဝင်ငွေရရှိစေရေးအတွက်လည်းကောင်း၊ ဒေသတွင်း လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ခြင်းဖြင့် လူနေမှုအဆင့်အတန်း မြင့်မားလာစေရေးတို့အတွက်လည်းကောင်း ဆန်စပါးနှင့် သီးနှံအမျိုးမျိုးကို စိုက်ပျိုးထုတ်လုပ်ကာ လိုအပ်သော စိုက်ပျိုးရေရရှိရေးအတွက် နည်းလမ်းပေါင်းစုံဖြင့် ရှာဖွေဖော်ထုတ် ကြိုးပမ်းလျက်ရှိသည်။ *စာမျက်နှာ ၉ ကော်လံ ၂* ■

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် အင်းတောကျေးရွာအနီး အင်းတောမြစ်ရေတင်စီမံကိန်းလုပ်ငန်းခွင်တွင် ချင်းတွင်းမြစ်ရေများ စုပ်ယူ သယ်တင်နေသည်ကို ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-အောင်သန်း(မင်္ဂလာတောင်ညွန့်)

နိုင်ငံခြားဝင်ငွေရရှိနေသော ဆေးဖက်ဝင်သစ်ခွများ

သတင်းခရီးသည်
မြင့်မောင်စိုး

ဓာတ်ပုံမှတ်တမ်း
တင်စိုး(မြန်မာ့အလင်း)

စာမျက်နှာဖွဲ့စည်းမှု
ယဉ်ယဉ်အေး
(မြန်မာ့အလင်း)

နေပြည်တော် ဇန်နဝါရီ ၆

သစ်ခွပန်းများသည် ပန်းတကာပန်းများတွင် အလှဆန်း၊ အမြင်ဆန်း၊ အသွင်ဆန်း၏။ ထိုပန်းများမှာ အနီ၊ အဖြူ၊ အဝါ၊ ခရမ်း စသည်ဖြင့် အမျိုးစုံရှိ၏။ စွဲမက်စဖွယ်၊ ရှုချင်စဖွယ်ကောင်း၏။ ထို့ကြောင့်ပင် အမျိုးသမီးများက ပွဲနေပွဲထိုင်အခါများတွင် သစ်ခွပန်းများကို အမြတ်တနိုး ပန်ဆင်လေ့ရှိကြသည်။

တိုင်းရင်းဆေး

ယခုအခါ သစ်ခွပန်းများကို ပန်းအဖြစ် ပန်ဆင်ရုံသာမက အရိုးများကို အသုံးပြုလျက် တိုင်းရင်းဆေးအဖြစ်လည်း ထုတ်လုပ်နိုင်ပေပြီ။ ယင်းသစ်ခွမှာ ဒင်ဒရိုဗီယမ်သစ်ခွမျိုးများ ဖြစ်သည်။ ယခုအခါ ဒင်ဒရိုဗီယမ်သစ်ခွရိုးများကို ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိသဖြင့် နိုင်ငံခြားဝင်ငွေရရှိနေကြောင်း သိရသည်။ *စာမျက်နှာ ၁၀ ကော်လံ ၁* ✳

ပြင်ဦးလွင်မြို့အနီး ဒိုးကွင်စိုက်ပျိုးရေးခြံ၌ နိုင်ငံခြားဝင်ငွေရရှိသည့် ဆေးဖက်ဝင်ဒင်ဒရိုဗီယမ်သစ်ခွများ စင်စနစ်ဖြင့် ဤသို့ စိုက်ပျိုးထားသည်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

ဆေးဖက်ဝင် ဒင်ဒရိုဗီယမ်သစ်ခွမျိုးနွယ် ရွှေတူမောက်ခမ်းဝါသစ်ခွပင်၏ သွင်ပြင်။
ဓာတ်ပုံမှတ်တမ်း-တင်စိုး(မြန်မာ့အလင်း)

7-1 (01).pmd 1 1/7/2010, 1:44 AM

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၀ခုနှစ် ဇန်နဝါရီ ၇ ရက်)

အသိပညာရှင်၊ အတတ်ပညာရှင် နိုင်ငံ့သားကောင်းရတနာများဖြစ်ရေး ကြိုးပမ်းစွမ်းဆောင်

ကမ္ဘာတစ်ဝန်း သိပ္ပံနှင့်နည်းပညာများ၊ သတင်းအချက်အလက်နှင့် ဆက်သွယ်မှုနည်းပညာများ၏ အပြန်အလှန်အထောက်အကူပြု ဖွံ့ဖြိုးတိုးတက်လာမှုကြောင့် ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီး၏ လူမှုစီးပွားရေးဘဝအဖုံဖုံကို အရှိန်အဟုန်ဖြင့် ပြောင်းလဲတိုးတက်လာစေခဲ့သည်။

နိုင်ငံတော်အစိုးရသည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းရေး ကြိုးပမ်းရာတွင် အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းများကိုလည်း အလေးအနက်ထား ဖော်ဆောင်လျက်ရှိသည်။

အဆင့်မြင့်ပညာကဏ္ဍတွင် တစ်နိုင်ငံလုံး အတိုင်းအတာအရ တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကောလိပ် စုစုပေါင်း ၁၅၉ကျောင်း ဖွင့်လှစ်ပေးခဲ့ပြီး မဟာဘွဲ့၊ မဟာသုတေသနဘွဲ့နှင့် ပါရဂူဘွဲ့သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်အလိုက် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု ဌာနများ ဖွဲ့စည်းပြီး ဒေသအလိုက် လူမှုစီးပွားရေးလုပ်ငန်းများ၌ လက်တွေ့အသုံးဝင်နိုင်မည့်သင်တန်းများ တိုးချဲ့ဖွင့်လှစ်ပေးခြင်းတို့ဖြင့် ပညာသင်ယူမှု အခွင့်အလမ်းများကို မြှင့်တင်ဖြည့်ဆည်းပေးလျက်ရှိသည်။

မြန်မာ့ပညာရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်ရာတွင် ပညာထူးချွန်ထက်မြက်သည်သာမက စိတ်ဓာတ်နှင့် စည်းကမ်းကောင်းမွန်ပြီး ကျန်းမာကြံ့ခိုင်သည့် ဘက်စုံထူးချွန်သူများ ပေါ်ထွန်းလာရေးကို မျှော်မှန်းဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသားပညာရည်မြင့်မားရေးလုပ်ငန်းစဉ်များ အောင်မြင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်း ဖြန့်ကြက်တည်ရှိနေသည့် အခြေခံပညာကျောင်းများ၌ တက်ရောက်နေကြသော ကျောင်းသားကျောင်းသူများ ကျောင်းနေမြဲရေး၊ သင်ယူတတ်မြောက်မှုစွမ်းရည်မြင့်မားရေး၊ ကျောင်းဥပမိတိုးတက်ကောင်းမွန်ရေးတို့ကို တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်လျက်ရှိကြသည်။

ယခုအခါ ဘက်စုံထူးချွန်သော ကျောင်းသားများကို နှစ်စဉ်ကျင်းပသည့် ပညာရေးစုံညီပွဲတော်တွင် ဂုဏ်ပြုချီးမြှင့်ခြင်းပြုလျက်ရှိရာ ဂုဏ်ပြုဆုချီးမြှင့်ခံရသော ကျောင်းသား ကျောင်းသူများသည် မြန်မာ့ပညာရေးလောက ဂုဏ်မြှင့်တင်သည့် ပုဂ္ဂိုလ်များ၊ နိုင်ငံ့ဂုဏ်ဆောင်သည့် စံနမူနာပြ ပုဂ္ဂိုလ်များဖြစ်လာစေရန် ခံယူကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ပေရာ ကျောင်းသား ကျောင်းသူ လူငယ်များသည် အနာဂတ်ကာလတွင် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မည့် နိုင်ငံတော်က အားထားရသည့် အသိပညာရှင်၊ အတတ်ပညာရှင် နိုင်ငံ့သားကောင်းများဖြစ်ရန် အပတ်တကုတ် ကြိုးပမ်းစွမ်းဆောင်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၇-၁-၂၀၁၀
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ တရားတော်
၇း၁၀ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၆။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၅ ၇။ **မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၅။ မြန်မာသံစဉ် ချိုနားဝင်
၄း၄၅ ၆။ သီဆိုဖြေဖျော် တစ်ကိုယ်တော်
၅း၃၀ ၇။ မွေးမြူသုတ
၅း၄၅ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၅ ၁၀။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၁။ လျှပ်တစ်ပြက်
၆း၂၅ ၁၂။ ကာတွန်းအစီအစဉ် **လူစွမ်းကောင်းလေးဖော်** (အပိုင်း-၂)
၇း၀၀ ၁၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နှလုံးသားမှတ်တမ်း** (အပိုင်း-၅)
၈း၀၀ ၁၄။ မြဝတီရုပ်မြင်သံကြားသတင်း
၁၅။ နိုင်ငံတကာသတင်း
၁၆။ မိုးလေဝသသတင်း
၁၇။ အမျိုးသားရေးတေးကဗျာ
၁၈။ ရှေးဟောင်းသုတ
၁၉။ အနုပညာရှင်၏ တစ်နေ့တာ
၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လူငယ်ပေါင်းချိန် တတိယတွဲ** (အပိုင်း-၄၄)

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန် ဝိဇ္ဇာနှင့်သိပ္ပံ တက္ကသိုလ် ၁၉၇၉ခုနှစ် ဘူမိဗေဒ ကျောင်းသားဟောင်းများ၏ အနှစ် (၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ၂၆ရက်က ဗဟန်းမြို့နယ် အားကစားကွင်းဝင်းအတွင်းရှိ M3 Food Centre ၌ ကျင်းပသည်။

ပြောကြား

အခမ်းအနားတွင် ပူဇော်ပွဲဖြစ်မြောက် ရေးကော်မတီ အတွင်းရေးမှူး ကိုအောင်ကျော်လှက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

အခမ်းအနားတွင် ကျောင်းသားဟောင်းများက အပူဇော်ခံ ဆရာ ဆရာမကြီး ၃၃ဦးအား လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး **(အပေါ်ပုံ)** ဆရာကြီး ဒေါက်တာညီညီ၊ ဦးစီသက်ပေါ်နှင့် ဒေါက်တာမောင်သိန်းတို့က ဆုံးမဩဝါဒ စကားပြောကြားသည်။ ဆက်လက်၍ ဘဏ္ဍာရေးမှူး ကိုထွန်းထွန်းဝေက ငွေစာရင်းရှင်းလင်းတင်ပြပြီး ကျောင်းသားဟောင်း ကိုအေးအောင်က ကျေးဇူးတင်စကားပြောကြားကာ ကျောင်းသားဟောင်းများက မိတ်ဆက်စကားများ ပြောကြားသည်။ **(မြန်မာ့အလင်း)**

လက်ခံရယူ

စဉ့်ကူးမြို့နယ်၏ ၂၀၀၉-၂၀၁၀ ခုနှစ် နွေစပါးစိုက်ပျိုးရေး တာဝန်ပေးအပ်ပွဲကို ဒီဇင်ဘာ ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစိုင်းမောင်လှက နွေစပါးစိုက် ကျေးရွာအုပ်စုများအား တာဝန်ပေးအပ်လွှာများကို ပေးအပ်ရာ ရှေ့တန်းစခန်းအလိုက် ဌာနဆိုင်ရာ အဖွဲ့ခေါင်းဆောင်များ လက်ခံယူကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ရမည်းသင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယဦးစီးမှူး(ဈေး)ဦးမျိုးထွန်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့မဈေးကြီး ဈေးမိ ဈေးဖများ၊ ရမည်းသင်းမြို့ မြို့မဈေးကြီးအတွင်းရှိ စားသောက် ကုန်ပစ္စည်း ရောင်းချသည့်ဆိုင်များတွင် အိုင်အိုဒင်းဆားရောင်းချခြင်း ရှိ၊ မရှိ ကွင်းဆင်းစစ်ဆေးစဉ်။ (သတင်းစဉ်)

ကျုံပျော်အထက သတ္တမအကြိမ် အာစရိယပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

ကျုံပျော် အထက ကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ကျုံပျော်အထက အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသက် (၆၀)ပြည့် အငြိမ်းစား ဆရာကြီး ဆရာမကြီးများအားလုံး ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အပူဇော်ခံတက်ရောက်ကြပါရန်နှင့် ဇန်နဝါရီ ၃၀ရက် (စနေနေ့) နံနက် ၁၁နာရီအရောက် လှိုင်သာယာ ဒဂုံဈေး အဝေးပြေးစခန်းရှိ ခေတ်မီကားဂိတ်သို့ ကြွရောက်ကြပါရန်နှင့် ကျောင်းသား ကျောင်းသူဟောင်းများ အလှူငွေထည့်ဝင်လိုပါက ဦးအင်းဟော် (ကျုံပျော်) ဖုန်း-၀၄၆-၅၆၀၁၆၊ ဦးလှဦး ရန်ကုန် ဖုန်း-၀၉-၅၁-၄၆၉၉၅၊ ဗိုလ်ကြီးစိန်သန်း (ငြိမ်း) ရန်ကုန် ဖုန်း-၀၉-၅၅-၀၁၀၇၀၊ ဦးသန်းစိုး ရန်ကုန် ဖုန်း-၀၉-၅၁-၃၂၂၆၉၊ ဒေါ်စန်းစန်းမြင့် ရန်ကုန် ဖုန်း-၀၁-၇၀၀၇၅၇၊ ဒေါက်တာဝင်းအောင် ဖုန်း-၀၉-၅၁-၃၉၆၈၆၊ ဒေါ်ကြူကြူသင်း ရန်ကုန် ဖုန်း-၀၉-၅၁-၃၉၆၈၆၊ ဦးပြုံးချို ရန်ကုန် (ခေတ်မီကားဂိတ်) ဖုန်း-၀၉-၈၆-၁၄၃၄၉၊ ဦးဝင်းလွင် ရန်ကုန် ဖုန်း-၀၉-၅၁-၆၃၄၅၉၊ ဦးကိုသိန်း ရန်ကုန် ဖုန်း-၀၉-၅၁-၇၈၈၇၁၊ ဦးမြဟန်(ရွှေ၊ မိုး၊ဆောင်း) ကျုံပျော် ဖုန်း-၀၄၆-၅၆၁၇၇၊ ဒေါ်တင်တင်ဝင်း ကျုံပျော် ဖုန်း -၀၄၆-၅၆၃၀၃၊ ဦးထွန်းဝင်း (အတွင်းရေးမှူး) ကျုံပျော် ဖုန်း-၀၄၆-၅၆၁၄၂နှင့် ပုသိမ် ဒေါက်တာမင်းဆောင် ဖုန်း-၀၄၂-၂၄၂၉၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ ***(မြန်မာ့အလင်း)***

လွတ်လပ်ရေးနေ့ ဂုဏ်ပြု ပခုက္ကူမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

ပခုက္ကူ ဇန်နဝါရီ ၆

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပခုက္ကူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သည့် အမှတ်(၁၀)ရပ်ကွက် ဝိသုတာလမ်း ကတ္တရာလမ်းသစ် ဖွင့်ပွဲကို ဇန်နဝါရီ ၁ရက် နံနက် ၇နာရီက အဆိုပါ လမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ အမှုဆောင်အရာရှိ ဦးသက်ပိုင်က လုပ်ငန်းနှင့်ပတ်သက်၍လည်းကောင်း၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးပြည်စိုးဝင်းက ကျေးဇူးတင်စကားပြောကြားပြီး လမ်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ခရိုင်ဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးတင်မျိုးလတ်တို့အား အမှုဆောင်အရာရှိက ပေးအပ်၍ အဆိုပါလမ်းကို ခရိုင်ဥက္ကဋ္ဌက စက်ခလုတ်နှိပ်၍လည်းကောင်း၊ စည်ပင်သာယာ အမှုဆောင်အရာရှိနှင့် မြို့နယ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်၍ လမ်းသစ်ကို ဖွင့်လှစ်ပေးကြသည်။ (၀၇၀)



ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် ပြည်ညောင်တံတား တံတားသစ် တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

○ ရှေ့ဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်သည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ရာပြည့်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ လိုက်ပါလျက် မိတ္ထီလာ-သာစည်-နန့်ပန်တက်-ကလော-တောင်ကြီးလမ်းသို့ ရောက်ရှိပြီး လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-သာစည်-နန့်ပန်တက်-ကလော-တောင်ကြီးလမ်းဆောက်လုပ်ရေးစီမံကိန်း နန့်ပန်တက် ရှင်းလင်းဆောင်သို့ ရောက်ရှိကြရာ တာဝန်ရှိသူများက လမ်းပိုင်းအဆင့်မြှင့်တင်ဆောက်လုပ်နေမှုနှင့် ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်က တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိတ္ထီလာ-သာစည်-နန့်ပန်တက်-ကလော-တောင်ကြီးလမ်းပိုင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနား နေပြည်တော်၌ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ပျဉ်းမနား မင်္ဂလာကန်တော်ခန်းမနှင့် အောင်မင်္ဂလာကားဝင်းတို့၌ ကျင်းပရာ အခမ်းအနားသို့ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီနာယက နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ဝေလွင် တက်ရောက်၍ ပြခန်းများကို လိုက်လံကြည့်ရှုအားပေးသည်။

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝေလွင် နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူးကျင်းပသည့် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် အသိပညာပေးပြခန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

တက်ရောက်

အဆိုပါ အခမ်းအနားသို့ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးထွန်းကြည်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဒုတိယရဲချုပ်၊ နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက အမှာစကားပြောကြားပြီး နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်က အမှာစကားပြောကြားသည်။

ရှင်းလင်းပြောကြား

ဆက်လက်၍ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးသိန်းဦးတို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိကောင်းစရာများနှင့် ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေး ဆိုင်ရာများကို ရှင်းလင်းပြောကြားကြသည်။

ပေးအပ်

ထို့နောက် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကော်မတီသို့ အလှူရှင်များဖြစ်ကြသည့် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ အေစီအီး ကုမ္ပဏီ၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန နှင့် ကေအမ်တီသောက်ရေသန့် လုပ်ငန်းတို့က ငွေကျပ် ၁၀သိန်းစီ၊ သိဏ်း ကုမ္ပဏီ၊ မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ (အဝေးပြေး)နှင့် (မြို့တွင်း)၊ အော်ရီဂျင်နယ်လ် ဂရု(ပ်) ကုမ္ပဏီလီမိတက်နှင့် အေဝမ်းကုမ္ပဏီတို့က ငွေကျပ်ငါးသိန်းစီ၊ ကုန်းဘောင် ဆောက်လုပ်ရေး ကုမ္ပဏီကငွေကျပ် သုံးသိန်း၊ ရွှေဆင်မင်းကုမ္ပဏီ၊ ကိုလင်းခိုင် (အောက်စီဂျင်) မိသားစုနှင့် အလှစုဓာတ်ပုံလုပ်ငန်းတို့က ငွေကျပ် နှစ်သိန်းစီ၊ အောင်ချမ်းသာကုမ္ပဏီက ငွေကျပ်တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ နေပြည်တော် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒုတိယ တိုင်းမှူးနှင့် နေပြည်တော် ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆုချီးမြှင့်

ယင်းနောက် ဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူးနှင့် ဒုတိယရဲချုပ်တို့က ၂၀၁၀ခုနှစ် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် စာစီစာကုံး၊ ပန်းချီနှင့်ပိုစတာ ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိခဲ့ကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

ဖဲကြိုးဖြတ်

ထို့နောက် တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ၊ ပြိုင်ပွဲနှင့် ဖွင့်ပွဲအခမ်းအနားကို နေပြည်တော်ပျဉ်းမနား အောင်မင်္ဂလာကားဝင်းအရှေ့၌ ကျင်းပရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မင်းဇော်၊ ဒုတိယရဲချုပ် ရဲမှူးချုပ်ဇော်ဝင်းနှင့် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းသောင်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်ဝေလွင်၊ ဒုတိယဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်တာဝန်ရှိသူများသည် ကားဝင်းအတွင်း ခင်းကျင်းပြသထားသည့် နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှု ကော်မတီ၊ ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နေပြည်တော်ခရိုင် ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ပညာရေးဝန်ကြီးဌာန၊ အမှတ် (၂)စက်မှုဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့၏ ပြခန်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆေးခန်း၊ အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝင်းသူဇာ အရောင်းဆိုင်၊ ဆဲဗင်းဝမ်း လျှပ်စစ်ပစ္စည်း အရောင်းဆိုင်၊ လှိုင်သာယာစက်မှုဇုန်ရှိ ရန်ကုန်ဂျစ်မော်တော်ယာဉ် ထုတ်လုပ်ရေး၊ မြောက်ဒဂုံစီးပွားရေး ဖွံ့ဖြိုးမှုဇုန်ရှိ သော်တာလင်းမော်တော်ယာဉ် ထုတ်လုပ်ရေး၊ တောင်ကြီးအေးသာယာ စက်မှုဇုန်ရှိ ကောင်းထက် မော်တော်ယာဉ် ထုတ်လုပ်ရေး၊ အောင်မြင်မော်တော်ယာဉ် ထုတ်လုပ်ရေး၊ သစ္စာဦး မော်တော်ယာဉ် ထုတ်လုပ်ရေး၊ တောင်ဒဂုံစက်မှုဇုန်(၂)ရှိ ဒဂုံတော်ဝင် မော်တော်ယာဉ်ထုတ်လုပ်ရေး၊ တောင်ဒဂုံ စက်မှုဇုန်(၁)ရှိ ကျားကိုးကောင် မော်တော်ယာဉ်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်၊ သာကေတစက်မှုဇုန်ရှိ မျိုးမော်တော်ယာဉ်ထုတ်လုပ်ရေး ၊ မိတ္ထီလာစက်မှုဇုန်ရှိ ချမ်းမြေ့ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ မန္တလေးစက်မှုဇုန်ရှိ ယူဒီဂရု(ပ်) မော်တော်ယာဉ်ထုတ်လုပ်ရေး၊ အက်ဖ်ကေမီနီ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ LION Jeep မော်တော်ယာဉ်ထုတ်လုပ်ရေး၊ သီရိအဏ္ဏဝါမော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ကေအမ်ကုမ္ပဏီ မော်တော်ယာဉ် ထုတ်လုပ်ရေး၊ စူပါမန်းကုမ္ပဏီ မော်တော်ယာဉ်ထုတ်လုပ်ရေး၊ မန်းစတားကုမ္ပဏီ မော်တော်ယာဉ် ထုတ်လုပ်ရေးတို့က ထုတ်လုပ်ရောင်းချလျက်ရှိသည့် မော်တော်ယာဉ်အမျိုးမျိုး၊ ရိုးမရာဇာမော်တော်ဆိုင်ကယ်ထုတ်လုပ်ရေးမှ ထုတ်လုပ်ရောင်းချလျက်ရှိသည့် မော်တော်ဆိုင်ကယ်များနှင့် ခင်းကျင်း ရောင်းချလျက်ရှိသည့် ဈေးဆိုင်ခန်းများကို လိုက်လံကြည့်ရှုအားပေးကြသည်။

အဆိုပါ တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးပြပွဲ ပြိုင်ပွဲကို ဇန်နဝါရီ ၆ရက်မှ ၁၀ရက်အထိ ပြသသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း တတိယအကြိမ် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပြိုင်ပွဲများတွင် ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ကုလဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေအား မက္ကဆီကိုနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

နေပြည်တော် ဇန်နဝါရီ ၇

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးသန်းဆွေအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် မက္ကဆီကို ပြည်ထောင်စုနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။ **(သတင်းစဉ်)**

ဆေးတက္ကသိုလ် ပညာသင်ဆုများချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

၂၀၀၉-၂၀၁၀ ပညာသင်နှစ်တွင် ဆေးတက္ကသိုလ်များသို့ ဝင်ခွင့်ရရှိပြီး ဦးအေးကျော်-ဒေါ်အေးအေးမြင့် ရာဇာလင်းမိသားစုက ပညာဒါနပြုသော ရာဇာလင်း ဆေးတက္ကသိုလ် ပညာသင်ဆု လျှောက်ထားကြသူများအနက် ကျောင်းသား ကျောင်းသူ ရှစ်ဦးအား ပညာသင်ဆုများ ချီးမြှင့်လိုက်သည်။

ဆုရရှိ

ရာဇာလင်းဆေးတက္ကသိုလ် ပညာသင်ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများမှာ မောင်စိုးထက်ဦး ပထမနှစ် ဆေးတက္ကသိုလ်(၂) ရန်ကုန်၊ မောင်သူရိန်ကျော် ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊ မောင်စိုင်းစည်သူမျိုးအောင် ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊ မောင်ရဲရင့်သူ ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊ မခန့်မွန်တင့် ပထမနှစ် ဆေးတက္ကသိုလ် မန္တလေး၊ မချိုမာဝေ ပထမနှစ် ဆေးတက္ကသိုလ် မကွေး၊ မမြတ်သက်ထားခင် ပထမနှစ် ဆေးတက္ကသိုလ် မကွေးနှင့် မသက်နှင်းထက် ပထမနှစ် ဆေးတက္ကသိုလ် မကွေးတို့ ဖြစ်ကြသည်။

ဆက်လက်ထောက်ပံ့

၂၀၀၉-၂၀၁၀ ပညာသင်နှစ်မှစ၍ ပညာသင်ဆုငွေအဖြစ် ကျောင်းသား ကျောင်းသူ တစ်ဦးလျှင် တစ်လငွေကျပ်ငါးသောင်းစီ ချီးမြှင့်သွားမည်ဖြစ်ပြီး ရာဇာလင်း မိသားစု၏ သတ်မှတ်ထားသည့် စည်းကမ်းအတိုင်း လိုက်နာနေထိုင်ပါက ဘွဲ့ရသည်အထိ နှစ်စဉ် ဆက်လက်ထောက်ပံ့သွားမည် ဖြစ်သည်။

ဆက်သွယ်နိုင်

ပညာသင်ဆုရရှိကြသူများသည် မိမိတို့သက်ဆိုင်ရာ ဆေးတက္ကသိုလ်တို့မှ ပညာသင်ယူနေကြောင်း အထောက်အထားစာရွက်စာတမ်းများဖြင့် ရာဇာလင်းမိသားစု အမှတ်(၅၀) ကန်ရိပ်သာ(၃)လမ်း Finger Laker F.M.I City လှိုင်သာယာမြို့နယ် ရန်ကုန်မြို့ ဖုန်း-၆၈၂၆၃၂၊ ၆၈၇၆၁၇နှင့် ၀၉-၅၁-၃၁၂၆၀တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အီရတ်ပြည်သူများသေဆုံး၊ ဒဏ်ရာရရှိမှုအခြေအနေ

ဘဂ္ဂဒက် ဇန်နဝါရီ ၆

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့မှုကြောင့် အီရတ်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အီရတ်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အီရတ်နိုင်ငံသို့ အမေရိကန်နှင့် အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၆ရက်အထိ သေဆုံးခဲ့သည့် အီရတ်ပြည်သူဦးရေမှာ ၆၉၉၉၁၉ဦးရှိပြီး အပြင်းအထန် ထိခိုက်ဒဏ်ရာရရှိသူဦးရေမှာ ၁၂၆၃၆၇၄ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အီရတ်ပြည်သူများ	၆၉၉၉၁၉ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူ အီရတ်ပြည်သူများ	၁၂၆၃၆၇၄ ဦး

(အင်တာနက်)

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့်

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေ

ကဘူးလ် ဇန်နဝါရီ ၆

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည်မှာ အချိန်ကာလ ကြာမြင့်ခဲ့ပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ၏ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့မှုကြောင့် အာဖဂန်ပြည်သူအများအပြား နေ့စဉ် သေဆုံး၊ ဒဏ်ရာရလျက်ရှိသည်။

အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု

အာဖဂန်နစ္စတန်နိုင်ငံသို့ အမေရိကန်ဦးဆောင်သော နေတိုးတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက် ဝင်ရောက်ခဲ့သည့်အချိန်မှစတင်ပြီး ဇန်နဝါရီ ၆ ရက်အထိ သေဆုံးခဲ့သည့် အာဖဂန်ပြည်သူဦးရေမှာ ၃၂၄၃၀ ရှိပြီး အပြင်းအထန်ထိခိုက်ဒဏ်ရာ ရရှိသူဦးရေမှာ ၃၈၁၅၈ ဦးဖြစ်ကြောင်း အင်တာနက်သတင်း၌ ဖော်ပြထားသည်။

စဉ်	အကြောင်းအရာ	အရေအတွက်
၁။	သေဆုံးသူ အာဖဂန်ပြည်သူများ	၃၂၄၃၀ ဦး
၂။	အပြင်းအထန်ထိခိုက်ဒဏ်ရာရရှိသူအာဖဂန်ပြည်သူများ	၃၈၁၅၈ ဦး

(အင်တာနက်)

တရုတ်၊ တောင်ကိုရီးယားနှင့် အိန္ဒိယနိုင်ငံတို့၌ မကြုံစဖူး ထူးကဲနှင်းမုန်တိုင်းကျရောက် အတွင်းမွန်ဂိုလီးယား၌ ရထားခရီးသည် ၁၄၀၀ နှင်းတောထဲပိတ်မိ၍ ကယ်ဆယ်ခဲ့ရ

ပေကျင်း ဇန်နဝါရီ ၆

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိမ်နီးချင်းတောင်ကိုရီးယားနိုင်ငံတို့တွင် ယခုအခါ မကြုံစဖူးထူးကဲစွာ နှင်းမုန်တိုင်းများကျရောက်ကြောင်း၊ အထူးသဖြင့် မြို့တော်ပေကျင်းနှင့် မြို့တော်ဆိုးလ်တို့၌ ထူထပ်စွာကျဆင်းခဲ့သည့် နှင်းများကို ဖယ်ရှားနေရပြီး လေယာဉ်ခရီးစဉ်များအပါအဝင် အသွားအလာများလည်း ရပ်ဆိုင်းသွားဖွယ်ရှိကြောင်း အင်တာနက်သတင်းတွင် ဖော်ပြပါရှိသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ အတွင်းမွန်ဂိုလီးယား၌ နာရီပေါင်း ၃၀ ကျော် နှင်းထုတွင်းပိတ်မိနေသော ရထားအတွင်းမှ ခရီးသည် ၁၄၀၀ ကျော်ကို ကယ်ထုတ်နေစဉ် ပေကျင်းမြို့တော်ကို ဖုံးအုပ်လျက်ရှိသော နှင်းထုကြီးကို ပြည်သူ ၃၀၀၀၀၀ ကျော်တို့က ဂေါ်ပြားများ၊ မတ်တပ်တံမြက်စည်းများဖြင့် စတင်ရှင်းလင်းနေကြရသည်ဟုဆိုသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမြောက်ပိုင်းဒေသ၌ ယခုအကြိမ်နှင်းကျရောက်မှုမှာ နှစ်ပေါင်း ၆၀အတွင်း အထူထပ်ဆုံးဖြစ်သည်။ မဟာတံတိုင်းကြီးအနီး ချန်ပင်းမြို့၌ နှင်းထုမှာ ရှစ်လက်မအထိထူသည်ကို တွေ့ရသည်။

ပိတ်ထား

ပေကျင်းမြို့တော်၌ နှင်းများတဖွဲဖွဲကျနေခြင်းမှာ ဇန်နဝါရီ ၃ ရက်တွင် ပြီးဆုံးသွားသော်လည်း အေးမြသောလေအေးနှင့် အပူချိန် အနုတ် ၁၂ ဒသမ ၈ စင်တီဂရိတ်တို့ကြောင့် သန်းပေါင်းများစွာသောပြည်သူတို့ အသွားအလာအခက်ကြုံရသည်။ တီယင်ကျင်းဆိပ်ကမ်းနှင့်တကွ ပေကျင်းမြို့ရှိ မူလတန်း၊ အလယ်တန်းကျောင်းများ ပိတ်ထားရသည်။

တရုတ်နိုင်ငံ အတွင်းမွန်ဂိုလီးယားဒေသ၌ ဆီးနှင်းများကျဆင်းသဖြင့် ရထားခရီးစဉ် နှောင့်နှေးကြန့်ကြာခဲ့ရသည်ကို တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ဆီးနှင်းများ ထူထပ်များပြားစွာ ကျဆင်းနေ၍ ရှင်းလင်းရေးလုပ်ငန်း ဆောင်ရွက်နေရသည်ကို တွေ့ရစဉ်။

(ဆင်ဟွာဓာတ်ပုံ)

အလားတူ တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့တော်၌ ဆောင်းရာသီ နှင်းမုန်တိုင်းကျရောက်သဖြင့် ဇန်နဝါရီ ၃ရက်က နှင်းထု ၁၁လက်မအထိရှိကာ လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းလိုက်ရပြီး မြို့တွင်းအသွားအလာများ ရပ်ဆိုင်းကုန်သည်။ နောက်တစ်ရက် ဆက်လက်နှင်းကျရောက်လျက်ရှိရာ တောင်ကိုရီးယားနိုင်ငံ၏ မိုးလေဝသခန့်မှန်းမှုများ စတင်သည့် ၁၉၃၇ခုနှစ် နောက်ပိုင်း ယခုအကြိမ်သည် နှင်းအထူထပ်ဆုံးကျရောက်ခြင်း ဖြစ်သည်ဟု ကြေညာသည်။

ဖျက်သိမ်း

ထို့ပြင် အိန္ဒိယနိုင်ငံ၌ နှင်းထုထပ်စွာကျရောက်သဖြင့် ဇန်နဝါရီ ၆ရက်က ရထားခရီးစဉ်နှစ်ဒါဇင် နောက်ကျပြီး နယူးဒေလီမြို့နှင့် အိန္ဒိယမြောက်ပိုင်း ရထားခရီးစဉ် ငါးခုကို ဖျက်သိမ်းခဲ့ရသည်။ ဥတ္တရပရာဒေ့ရှ်ပြည်နယ်အတွင်း ဆီးနှင်းများလွန်စွာ ကျဆင်းမှုကြောင့် ရထားချင်းတိုက်မိရာ အနည်းဆုံး ၁၀ဦး သေဆုံးပြီး လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း အအေးလှိုင်းဖြတ်သဖြင့် အနည်းဆုံးလူ ၁၀၀ သေဆုံးခဲ့သည်။

အမ်အင်န်အေ၊ ဆင်ဟွာ

မူးယစ်မှောင်ခိုနှစ်ဦး အီရတ်နိုင်ငံ၌ ဖမ်းမိ

ကာဘာလာ ဇန်နဝါရီ ၆

အီရတ်လုံခြုံရေးတပ်ဖွဲ့သည် အီရတ်နိုင်ငံ ကာဘာလာမြို့အနောက်ပိုင်းနှင့် တောင်ပိုင်းသီးခြားနေရာများမှ မူးယစ်မှောင်ခိုရောင်းဝယ်သူနှစ်ဦးအား ဇန်နဝါရီ ၅ရက်ကဖမ်းမိကြောင်း သတင်းဌာနမှ တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။

၎င်းတို့နှင့်အတူ မူးယစ်ဆေးဝါးများကိုလည်း လက်ပူးလက်ကြပ် သိမ်းဆည်းရမိသည်ဟုဆိုသည်။ အဆိုပါ မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှုနှင့်စပ်လျဉ်း၍ တရားခံများက ဖြောင့်ချက်ပေး ဝန်ခံထားသည်ဟုသိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အာဖဂန်နစ္စတန်၌ သေဆုံးသည့် ကနေဒါတပ်ဖွဲ့ဝင် ၂၀၀၈ခုနှစ်ကထက်မြင့်တက်လာ

ကဘူးလ် ဇန်နဝါရီ ၆

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းဒေသ၌ ဇန်နဝါရီ ၃ ရက်က ဗုံးပေါက်ကွဲမှု နှစ်ကြိမ်ဖြစ်ပွားရာ အမေရိကန်တပ်ဖွဲ့ဝင် လေးဦးနှင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်။

သေဆုံး

အမေရိကန်တပ်ဖွဲ့ဝင်များမှာ နေတိုးဦးဆောင်သည့် နိုင်ငံတကာလုံခြုံရေးတပ်ဖွဲ့မှဖြစ်ပြီး ဗုံးဖောက်ခွဲတိုက်ခိုက်ခံရပြီး သေဆုံးရခြင်းဖြစ်သည်ဟု ဆိုသည်။

အလားတူ အာဖဂန်တောင်ပိုင်း ဟယ်လ်မန့်ပြည်နယ်၌ ကင်းလှည့်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးမှာလည်း လမ်းဘေးဗုံးပေါက်ကွဲထိမှန်ကာ သေဆုံးခဲ့ရခြင်းဖြစ်သည်။

နှစ်ဆ

အာဖဂန်နစ္စတန်၌ ၂၀၀၉ ခုနှစ်အတွင်း သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင် ဦးရေမှာ ၂၀၀၈ခုနှစ်ကထက် နှစ်ဆမြင့်တက်လာကြောင်း ကြေညာချက်၌ ဖော်ပြသည်။ (အင်တာနက်)

အီရတ်၌ လမ်းဘေးဗုံးနှစ်လုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်သုံးဦး သေဆုံး

ကယ်ကွတ် ဇန်နဝါရီ ၆

အီရတ်နိုင်ငံ ကယ်ကွတ်မြို့၌ ဇန်နဝါရီ ၅ရက်က လမ်းဘေးဗုံးနှစ်လုံး ပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်သုံးဦးသေဆုံးပြီး ငါးဦးဒဏ်ရာရရှိသွားကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

ဖော်ပြ

အဆိုပါဗုံးများသည် ရဲတပ်ဖွဲ့ကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ပြီး ကယ်ကွတ်မြို့ ရဲတပ်ဖွဲ့အကြီးအကဲ ဘရီဂါဒီယာဘာဟန်တီရတ်၏ယာဉ်တန်းကို ပစ်မှတ်ထား၍ လမ်းဘေးဗုံးဖြင့် တိုက်ခိုက်ရာတွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားနှစ်ဦး ဒဏ်ရာရရှိကြောင်းနှင့် ဗုံးပေါက်ကွဲချိန်၌ အဆိုပါယာဉ်တန်း၌ တီရတ်ပါဝင်ခဲ့ခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ပျက်စီး

ထို့အပြင် ကယ်ကွတ်မြို့တောင်ပိုင်း၌ ကင်းလှည့်ရဲတပ်ဖွဲ့အနီးတွင် လမ်းဘေးဗုံး ပေါက်ကွဲသဖြင့် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိကာ ရဲကားနှစ်စီး ပျက်စီးသွားကြောင်း သိရသည်။

(အင်တာနက်)

အနောက်အုပ်စုနိုင်ငံအချို့ အယ်လ်ခိုင်ဒါခြိမ်းခြောက်မှုခံရ ဆာနာရှိအမေရိကန်သံရုံး ပြန်လည်ဖွင့်လှစ်

ဆာနာ ဇန်နဝါရီ ၆

အယ်လ်ခိုင်ဒါလက်ခွဲအကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုခံရပြီးနောက် ယီမင်နိုင်ငံရှိ ပြင်သစ်သံရုံးကို ပိတ်လိုက်ကြောင်း ပါရီရှိ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနက ကြေညာသည်။

ဇန်နဝါရီ ၃ ရက်က ယီမင်နိုင်ငံ ဆာနာမြို့တော်ရှိ အမေရိကန်နှင့် ဗြိတိန်သံရုံးများကို ပိတ်ပြီးနောက် ပြင်သစ်နိုင်ငံက ယင်း၏သံရုံးကို ထိုသို့ပိတ်လိုက်ခြင်းဖြစ်သည်။

အမေရိကန် ခရီးသည်တင်လေယာဉ်တစ်စင်းကို ဖောက်ခွဲရန် ကြံစည်မှု၏နောက်ကွယ်၌ ၎င်းတို့အဖွဲ့ရှိနေကြောင်း ဆော်ဒီအာရေဗျကျွန်းဆွယ်မှ အယ်လ်ခိုင်ဒါအဖွဲ့က ပြီးခဲ့သည့် ရက်သတ္တပတ်တွင် ကြေညာသည်။

ယီမင်သည် ဒေသအတွင်းမှာရော နိုင်ငံတကာအဆင့်မှာပါ ခြိမ်းခြောက်လာနေပြီဖြစ်ကြောင်း အကြမ်းဖက်ခြိမ်းခြောက်မှုနှင့် စပ်လျဉ်း၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်က ပြောကြားသည်။ ယီမင်နိုင်ငံရှိ စပိန်သံရုံးကို ဇန်နဝါရီ ၄ရက်မှ စတင်ကာ နှစ်ရက်ပိတ်ရန်ဆုံးဖြတ်ကြောင်း၊ နှစ်ရက်ကြာပိတ်ခဲ့သည့် ယီမင်နိုင်ငံ ဆာနာမြို့ရှိ အမေရိကန်သံရုံးကို ဇန်နဝါရီ ၅ရက်တွင် ပြန်လည်ဖွင့်လှစ်လိုက်ကြောင်း ထပ်မံရရှိသည့် သတင်းများအရ သိရသည်။

အမ်အင်န်အေ၊ ဆင်ဟွာ

အီရတ်မြောက်ပိုင်း၌ ကားဗုံးပေါက်ကွဲ

မိုဆူးလ် ဇန်နဝါရီ ၆

အီရတ်နိုင်ငံမြောက်ပိုင်း နိုင်ဘေးပြည်နယ် မြို့တော်မိုဆူးလ်မြို့အနီးရှိ လူစည်ကားရာဈေးအတွင်း ဇန်နဝါရီ ၄ ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ၁၃ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။

ပေါက်ကွဲမှုဖြစ်ပွား

မိုဆူးလ်မြို့အရှေ့ဘက် ကီလိုမီတာ ၄၀ အကွာရှိ ဘာတီလာမြို့အတွင်း ယင်းနေ့ မွန်းလွဲပိုင်းက ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

(အင်တာနက်)

ကားဗုံး ပေါက်ကွဲ

အီရတ်နိုင်ငံ မိုဆူးလ်မြို့ ဘာတီလာဒေသရှိ ဈေးအနီး၌ ကားဗုံးပေါက်ကွဲပြီးနောက် စစ်ဆေးရေး ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

ဆိုမာလီဒူဆာမာရီမြို့၌ တိုက်ပွဲဖြစ်ပွား ၄၇ ဦးသေဆုံး၊ ၁၀၀ကျော် ဒဏ်ရာရရှိ

မိုဂါဒစ်ရှူး ဇန်နဝါရီ ၆

ဆိုမာလီနိုင်ငံ ဒူဆာမာရီမြို့၌ ဇန်နဝါရီ ၄ရက်က အယ်လ်ရှာဘတ်တိုက်ခိုက်ရေးသမားများနှင့် အစိုးရတပ်ဖွဲ့ဝင်များ တိုက်ပွဲဖြစ်ပွားရာ ၄၇ ဦးသေဆုံးပြီး ၁၀၀ကျော် ဒဏ်ရာရရှိကြောင်း အင်တာနက်တွင် ဖော်ပြပါရှိသည်။

ရင်ဆိုင်ကြုံတွေ့

ယင်းတိုက်ပွဲကြောင့် သေဆုံးသူဦးရေမှာ ထပ်မံမြင့်တက်လာနိုင်ဖွယ်ရှိပြီး ရာပေါင်းများစွာသော မိသားစုများ ၎င်းတို့၏အိုးအိမ်ကို စွန့်ခွာထွက်ပြေးကြရကာ ဆိုမာလီပြည်သူများမှာ လူမှုဒုက္ခများနှင့် ရင်ဆိုင်ကြုံတွေ့နေရသည်ဟုဆိုသည်။ **(အင်တာနက်)**

လွတ်လပ်ရေးနေ့ဂုဏ်ပြု ဟုမ္မလင်းမြို့၌ မြစန္ဒာတံတားဖွင့်

ဟုမ္မလင်း ဇန်နဝါရီ ၆

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်း ခန္တီးခရိုင် ဟုမ္မလင်းမြို့ အင်းပေါက်ချောင်းပေါ် ရပ်ကွက်ချင်းဆက် မြစန္ဒာတံတားဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ရက် နံနက် ၈နာရီက ဟုမ္မလင်းရပ်ကွက် ကမ်းနားလမ်းရှိ အဆိုပါ တံတားမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်

အစီအစဉ်အရ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ လက်ထောက်အင်ဂျင်နီယာ ဦးသင်းအောင်က တံတားနှင့်ပတ်သက်သည့် အချက်အလက်များကိုလည်းကောင်း၊ ရပ်မိရပ်ဖ ဦးထွန်းရွှေက ကျေးဇူးတင်စကားကိုလည်းကောင်း အသီးသီးပြောကြားကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးနှင့် တံတားတည်ဆောက်ရေး ကော်မတီဝင် ဦးကျော်စွာလွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အပေါ်ပုံ)** နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် ဇော်ထွန်းက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။ အဆိုပါ တံတားမှာ အရှည်ပေ ၃၀၊ အကျယ် ၁၈ပေ၊ အမြင့် ၃၂ပေ သံကူကွန်ကရစ် အမျိုးအစား ဖြစ်ပြီး ငွေကျပ်သိန်း ၆၈၀ ကုန်ကျကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ရန်ကုန်မြို့ ဘောက်ထော်နေ နှစ်ဖက်သောမိဘနှင့် ခင်ပွန်း ဗိုလ်မှူးထွန်းမြင့် (ငြိမ်း) အားရည်စူး၍ ဇနီး ဒေါ်ကြည်ကြည်ဆွေ မိသားစုက လေးထပ်ဘိုးဘွားဆောင်သစ်၊ ဆေးပဒေသာပင်နှင့် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ အတွင်းရေးမှူး ဦးဝင်းဆွေထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ကုန်ပစ္စည်းများ စုံလင်စွာဖြင့် ခင်းကျင်းပြသမည့် Yangon Expo'2010 ကုန်စည်ပြပွဲ

အမေးအရေး- ဝင်းကျော် ဓာတ်ပုံ- မျိုးမင်းသိန်း (မရမ်းကုန်း)

ရန်ကုန် ဇန်နဝါရီ ၆

၂၀၁၀နှစ်သစ်၏ ပထမဆုံးကုန်စည်ပြပွဲဖြစ်သည့် Yangon Expo'2010 ကို ဇန်နဝါရီ ၈ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ကျင်းပမည်ဖြစ်သည်။

"အရင်ပြပွဲတွေတုန်းက ပြသခဲ့တဲ့အတွေ့အကြုံအရ စားသုံးသူတွေရဲ့ လိုအပ်ချက်ကို ပိုသိလာရတာမို့ ယခုဒီပြပွဲမှာ ကုန်ပစ္စည်းများ စုံလင်စွာ ခင်းကျင်းပြသမှာပါ"

ဒေါ်ရွှေစင်ဝင်း (ဒါရိုက်တာ)
Smart Business Group

ကျင်းပ

အဆိုပါကုန်စည်ပြပွဲကြီးကို နိုင်ငံတော်မှချမှတ်ထားသော စီးပွားရေးဦးတည်ချက်များမှ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေးအတွက် အထောက်အကူဖြစ်စေပြီး ခေတ်မီလူသုံးကုန်ပစ္စည်းများကို စားသုံးသူပြည်သူများအနေဖြင့် ပင်ရင်းကုမ္ပဏီများ၊ စက်ရုံများမှ ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ဝယ်ယူနိုင်စေရန် ကျင်းပခြင်းဖြစ်သည်။

Yangon Expo' 2010 ကုန်စည်ပြပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ အကြိုစာနယ်ဇင်းရှင်းလင်းပွဲကို ဒီဇင်ဘာ ၂၆ရက်က ရန်ကုန်မြို့ ဆာကူရာတာဝါ၌ကျင်းပခဲ့ပြီး ပြပွဲစီစဉ်ကျင်းပသည့် Smart Business Group မှ ဒါရိုက်တာဖြစ်သူ ဒေါ်ရွှေစင်ဝင်းအား မြန်မာ့အလင်းသတင်းအဖွဲ့မှ ပြပွဲနှင့်ပတ်သက်၍ သိလိုသည်များ တွေ့ဆုံမေးမြန်းခဲ့သည်။

"ဒီကုန်စည်ပြပွဲကြီးဟာ ၂၀၁၀ခုနှစ်ရဲ့ ပထမဦးဆုံး ခင်းကျင်းပြသတဲ့ပွဲဖြစ်ပါတယ်။ ၂၀၀၉ခုနှစ် မတ်လနှင့် ဩဂုတ်လမှာလည်း ဒီလိုကုန်စည်ပြပွဲမျိုး ရန်ကုန်မှာနှစ်ကြိမ် အောင်မြင်စွာကျင်းပနိုင်ခဲ့ပါတယ်။ အရင်ပြပွဲတွေတုန်းက ပြသခဲ့တဲ့အတွေ့အကြုံအရ စားသုံးသူတွေရဲ့ လိုအပ်ချက်ကို ပိုသိလာရတာမို့ ယခုဒီပြပွဲမှာ ကုန်ပစ္စည်းများ စုံလင်စွာခင်းကျင်းပြသမှာပါ"ဟု ဒေါ်ရွှေစင်ဝင်းက မြန်မာ့အလင်းသို့ ပြောကြားသည်။

နှစ်ဦးနှစ်ဖက်အကျိုးရှိ

ယနေ့အချိန်တွင် နည်းပညာများ ပြောင်းလဲတိုးတက်နေမှုကြောင့် ခေတ်မီလူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများမှာ စားသုံးသူ၏ နှစ်သက်တောင်းဆိုမှုအတိုင်း ထုတ်လုပ်လျက်ရှိရာ ယခုကဲ့သို့ ပြပွဲမျိုးကျင်းပခြင်းက တစ်နေရာတည်းတွင် ပစ္စည်းများစုံလင်စွာဖြင့် ထုတ်လုပ်သူနှင့် စားသုံးသူ တိုက်ရိုက်ထိတွေ့ ဝယ်ယူရောင်းချခြင်းကြောင့် နှစ်ဦးနှစ်ဖက်အကျိုးရှိစေသော ပြပွဲဖြစ်သည်။

ဆက်လက်၍ "ယခုပြပွဲမှာ ပြခန်းပေါင်း ၁၈၀ရှိပါတယ်။ ပြခန်းအကျယ်အဝန်းက ၁၀ပေပတ်လည်ရှိပါတယ်။ ရောင်းချပေးမှုအနေနဲ့ကတော့ အထူးလျှော့ဈေးများ၊ ကုန်ပစ္စည်းဝယ်ယူမှုအလိုက် အပိုမေတ္တာလက်ဆောင်များပေးခြင်း၊ ကံစမ်းမဲများ၊ အရစ်ကျငွေပေးချေမှုစနစ်၊ အိမ်အရောက်ပို့ ဝန်ဆောင်မှုစနစ်များနဲ့ ရောင်းချပေးမှာပါ။ ဒါ့အပြင် ပြပွဲလာသူများအတွက် ဖျော်ဖြေရေးအစီအစဉ်များကို ထည့်သွင်းကျင်းပပေးပါမယ်။ ကုန်ပစ္စည်းသရုပ်ပြပွဲများလည်း ပြသပါမယ်"ဟု ဒေါ်ရွှေစင်ဝင်းက ပြောကြားသည်။

ရောင်းချပေးမည်

ကုန်ပစ္စည်းများ ပြသရောင်းချမှုအနေဖြင့် ပြည်တွင်းဖြစ်ထုတ်ကုန်များဖြစ်သော အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အလှကုန်ပစ္စည်းများ၊ စားသောက်ကုန်နှင့် မီးဖိုချောင်သုံးပစ္စည်းများ၊ ပြည်တွင်း ပြည်ပဆေးဝါးများ၊ ပြည်တွင်းပြည်ပ ပညာရပ်ဆိုင်ရာသင်တန်းများ၊ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ၊ အိမ်တွင်းအလှဆင်နှင့် အိမ်ဆောက်ပစ္စည်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ စိုက်ပျိုးမွေးမြူရေးကုန်ပစ္စည်းများ၊ စာရေးကိရိယာနှင့် အခြားအထွေထွေလူသုံးကုန်ပစ္စည်းများ ရောင်းချပေးမည်ဖြစ်သည်။

စတင်ဖွင့်လှစ်

Yangon Expo'2010 ကုန်စည်ပြပွဲကို ဆမ်ဆောင်းအီလက်ထရွန်နစ်က အဓိကကူညီပံ့ပိုးပြီး စူပါကူးလ်တာယာနှင့် ဂလိုဘယ်မြေပဲဆီတို့မှလည်း ဝိုင်းဝန်းကူညီပံ့ပိုးကြောင်းသိရသည်။ ကုန်ပစ္စည်းမျိုးစုံကို တစ်နေရာတည်းတွင် တွေ့ရှိနိုင်ပြီး မိမိဝယ်ယူလိုသောပစ္စည်းအတွက် ထုတ်လုပ်သူနှင့်တိုက်ရိုက်ထိတွေ့ဝယ်ယူနိုင်သည်မို့ ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် အခွင့်အရေးရရှိနိုင်သည့်အတွက် ဇန်နဝါရီ ၈ရက် မနက်ဖြန်တွင် စတင်ဖွင့်လှစ်မည့် ကုန်စည်အရောင်းပြပွဲသို့ သွားရောက်လေ့လာသင့်ပါကြောင်း သတင်းကောင်းပါးလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်မောင်ဆွေ - စုစည်းရေးသားသည်

ဘာရာဇီး၌ တံတားပြိုကျ ခုနစ်ဦးသေဆုံး

ဘာရာဇီးနိုင်ငံတောင်ပိုင်း ရီယိုဂရန်ဒီဒိုဆူးလ်ပြည်နယ်တွင် ဇန်နဝါရီ ၅ရက် နံနက်ပိုင်းက တံတားတစ်စင်းပြိုကျသဖြင့် ခုနစ်ဦးထက်မနည်း သေဆုံးသွားရကြောင်း ဒေသအာဏာပိုင်များကပြောကြားသည်။ ယင်းတံတားသည် အာဂူဒိုနှင့် ရက်စတင်ဂါဆေကာမြို့တို့အကြား ကျာကွီမြစ်တွင်တည်ဆောက်ထားသည့် တံတားဖြစ်ပြီး တံတားအရှည် ၃၁၄ မီတာရှိသည်။ (အောက်ပုံ)

အမေရိကန်မိုဘိုင်းလ်ကြော်ငြာကုမ္ပဏီ အက်ပဲလ်ဝယ်ယူ

အမေရိကန်မိုဘိုင်းလ်ကြော်ငြာကုမ္ပဏီဖြစ်သည့် ကွာထရိုဝိုင်ယာလက်ကို အက်ပဲလ်ကုမ္ပဏီကဝယ်ယူလိုက်ကြောင်း အဆိုပါအမေရိကန်မိုဘိုင်းလ်ဖုန်းကြော်ငြာကုမ္ပဏီက ဇန်နဝါရီ ၅ရက်တွင် သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှားက အကြီးစားလေယာဉ် ၁၀စင်းဝယ်မည်

ထင်ရှားသည့် အင်ဒိုနီးရှားလေကြောင်းကုမ္ပဏီတစ်ခုဖြစ်သော လိုင်းရင်းအဲယားကုမ္ပဏီသည် အကြီးစားလေယာဉ် ၁၀ စင်းဝယ်ယူရန်စီစဉ်နေကြောင်း၊ ယင်းလေယာဉ်များသည် ယခုနှစ်ဒုတိယနှစ်ဝက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း ဘက်စ်နစ် အင်ဒိုနီးရှားက ဇန်နဝါရီ ၆ ရက်၌ သတင်းထုတ်ပြန်သည်။

အအေးလွန်ကဲ၍ ရေနံဈေးနှုန်းတက်ရ

အမေရိကန်ပြည်ထောင်စုနှင့် ဥရောပတို့တွင် ရာသီဥတုအေးမြသဖြင့် ရေနံဈေးနှုန်းများသည် ၁၅လအတွင်း အမြင့်ဆုံးတက်ကာ ရေနံတစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၁ဒေါ်လာအထိ ဖြစ်သွားသည်။

ဟူနန်ပြည်နယ်၌ ကျောက်မီးသွေးတွင်းမီးလောင်

တရုတ်ပြည်သူ့သမ္မတနိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်တွင် ဇန်နဝါရီ ၁၅ရက်က ကျောက်မီးသွေးတွင်း မီးလောင်ခဲ့သဖြင့် သေဆုံးသူဦးရေမှာ ၁၈ဦးအထိ ရှိသွားပြီဖြစ်ကြောင်း၊ ဇန်နဝါရီ ၆ရက် နံနက်စောစောပိုင်းက အလောင်းကိုးလောင်းကို ပြန်လည်တွေ့ရှိခဲ့ပြီး တွင်းထဲ၌ ပိတ်မိနေသူများရှိသေးကြောင်း သတင်းရရှိသည်။

နယူးဒေလီ၌မီးလောင်၍ ကလေးငယ်လေးဦးသေဆုံး

အိန္ဒိယနိုင်ငံမြို့တော် နယူးဒေလီမြို့ရှိ ရပ်ကွက်တစ်ခုတွင် ဇန်နဝါရီ ၆ရက် နံနက်စောစောပိုင်းက မီးလောင်ကျွမ်းသဖြင့် ကလေးငယ်လေးဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။ သေဆုံးသွားသည့်ကလေးငယ်လေးဦးစလုံးမှာ မိသားစုတစ်စုတည်းမှဖြစ်ကြောင်း၊ မီးလောင်ရသည့်အကြောင်းရင်းကို မသိရသေးချေ။

ချီကာဂိုအနီး၌ ကုန်တင်လေယာဉ်တစ်စင်းမြစ်ထဲထိုးကျ

ချီကာဂိုလေဆိပ်တောင်ဘက်ရှိ ဒက်စ်ပလိန်းစ်မြစ်ထဲသို့ လီယာဂျက်အမျိုးအစားဟုယူဆရသော ကုန်တင်လေယာဉ်ငယ်တစ်စင်း ဇန်နဝါရီ ၅ ရက်ကထိုးကျသွားကြောင်း ဖက်ဒရယ်လေကြောင်းအုပ်ချုပ်ရေးအဖွဲ့ (အက်ဖ်အေအေ)က သတင်းထုတ်ပြန်သည်။ ခရီးသည်လိုက်ပါမှုနှင့် အသေအပျောက်စာရင်းလည်း မသိရဟုဆိုသည်။ (အပေါ်ပုံ)

လေဆိပ် ၁၁ခု၌ ထိုးဖောက်မြင်နိုင်သည့်ကိရိယာ တပ်ဆင်

ကနေဒါအစိုးရသည် လေကြောင်းခရီးသွားလာသူ ခရီးသည်များ ဝတ်ဆင်ထားသည့် အဝတ်အစားကိုထိုးဖောက်၍မြင်နိုင်သော ကိရိယာများကို ကနေဒါလေဆိပ် ၁၁ခုတွင် တပ်ဆင်သွားမည်ဖြစ်ကြောင်း ကနေဒါအစိုးရက ဇန်နဝါရီ ၅ရက်၌ ကြေညာသည်။

ပီရူးရေနံနှင့် သဘာဝဓာတ်ငွေ့ တင်ဒါခေါ်ယူမည်

ပီရူးနိုင်ငံသည် ဧပြီလတွင် ရေနံနှင့် သဘာဝဓာတ်ငွေ့ရှာဖွေရေးနှင့် ထုတ်လုပ်ရေးလိုင်စင်အတွဲ ၂၀ကို ဈေးပြိုင်စနစ်ဖြင့် ရောင်းချမည်ဖြစ်၍ တင်ဒါခေါ်ယူသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်ကုမ္ပဏီကြီးဖြစ်သည့် ပီရူးပက်ထရိုရေနံနှင့် သဘာဝဓာတ်ငွေ့ကုမ္ပဏီဥက္ကဋ္ဌ ဒင်နီယယ်ဆာဘာက ဇန်နဝါရီ ၅ရက်၌ ပြောကြားသည်။(အင်တာနက်)

ချောင်းဦးမြို့ အထက အနော်ရထာခန်းမဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ

တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးတက်ရောက်၍ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေး

နေပြည်တော် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးသည် ဒီဇင်ဘာ ၂၂ရက်က မုံရွာမြို့ ရာပြည့်ခန်းမ၌ ကျင်းပသည့် ကွန်ပျူတာနည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော် အခမ်းအနားသို့ တက်ရောက်သည်။

လှည့်လည်ကြည့်ရှု

အစီအစဉ်အရ တာဝန်ရှိသူများက ကွန်ပျူတာနည်းပညာပြပွဲနှင့် ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး တိုင်းမှူးနှင့် ဧည့်သည်တော်များသည် အရောင်းပြခန်းအတွင်း လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မုံရွာခရိုင် ချောင်းဦးမြို့သို့ ရောက်ရှိကြပြီး ချောင်းဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် အနော်ရထာခန်းမဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

တက်ရောက်

အခမ်းအနားသို့ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ မြို့မိ မြို့ဖများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

အစီအစဉ်အရ မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ပညာရေးမှူးနှင့် မြို့ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌတို့က အနော်ရထာခန်းမကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် တိုင်းမှူးက အနော်ရထာခန်းမ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ယင်းခန်းမဆောင်သစ်၌ ကျင်းပသည့် အနော်ရထာခန်းမအား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ကြပြီး တိုင်းမှူးက အမှာစကားပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် တာဝန်ရှိသူတစ်ဦးက ခန်းမနှင့်စပ်လျဉ်းသည့် စာရွက်စာတမ်းများကို တိုင်းပညာရေးမှူး ဦးမြတ်ထွဋ်ထံ လွှဲပြောင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ပြီး တိုင်းမှူးက အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ချောင်းဦးမြို့နယ်အတွင်းရှိ ချောင်းဦး-အမြင့် ကျေးလက်ဖွံ့ဖြိုးရေး လမ်းပြုပြင်ဖောက်လုပ်ထားရှိမှု အခြေအနေကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှု စစ်ဆေးကြပြီး တိုင်းမှူးက တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ဖြည့်ဆည်းဆောင်ရွက်

ထို့နောက် အမြင့်ကျေးရွာသို့ရောက်ရှိကာ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံပြီး ဒေသခံပြည်သူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆဋ္ဌမအကြိမ် ဓာတုဗေဒမိသားစု အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒအဓိက ကျောင်းသားဟောင်းများ၊ ၁၉၆၇ ခုနှစ်မှ ၁၉၇၃ခုနှစ်အထိ ဓာတုဗေဒဌာနတွင် ပညာသင်ကြား/ဘွဲ့ရခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများက ယခင်နှစ်များနည်းတူ ဓာတုဗေဒဌာနမှ ဆရာ ဆရာမကြီးများအား ဆဋ္ဌမအကြိမ် ပူဇော်ကန်တော့ကြမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲကို ၂၀၁၀ခုနှစ် ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) နံနက် ၁၁နာရီမှ မွန်းလွဲ ၁နာရီအထိ အမှတ် (၂၂၁/၂၂၃) ရွှေဂုံတိုင်လမ်း ဗဟန်းမြို့နယ်ရှိ တော်ဝင်နှင်းဆီစားသောက်ဆိုင်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖိတ်ကြားထားသော ဆရာ ဆရာမကြီးများ အပူဇော်ခံတက်ရောက်ပါရန်နှင့် ၁၉၆၇(ဘွဲ့ရ)မှ ၁၉၇၃ (ဘွဲ့ရ)အထိ ဓာတုဗေဒနှင့် ကုန်ထုတ်ဓာတုဗေဒ ကျောင်းသားဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကန်တော့ကြရန် ဖိတ်ကြားထားသည်။

တိုက်တွန်းနှိုးဆော်

ကြိုတင်အလှူငွေများကို ဦးမောင်မောင်ကြီး (၁၉၆၇) ဖုန်း- ၂၀၃၀၇၄၊ ဒေါ်အေးညွန့်ကြည် (ပါမောက္ခ၊ ငြိမ်း) (၁၉၆၈) ဖုန်း-၅၅၉၉၈၀၊ ဗိုလ်မှူးကြီးကိုကိုကျော် (ငြိမ်း) (၁၉၆၉) ဖုန်း- ၅၀၁၄၃၂၊ ဦးဇော်ဝင်း (၁၉၇၀) ဖုန်း-၅၉၀၂၁၈၊ ဒေါ်စန်းစန်းဝင်း (၁၉၇၁) ဖုန်း-၆၂၉၀၄၃၊ ဦးကျော်ခင်မြင့် (၁၉၇၂) ဖုန်း- ၃၇၂၄၆၇နှင့် ဒေါ်မြမြညွန့် (၁၉၇၃) ဖုန်း- ၂၉၂၉၅၃တို့သို့ ဆက်သွယ်လှူဒါန်းကြရန် အာစရိယပူဇော်ပွဲကျင်းပရေး ဦးစီးကော်မတီက တိုက်တွန်းနှိုးဆော်ထားသည်။ ***(သတင်းစဉ်)***

လှိုင်မြို့နယ်၌ လွတ်လပ်ရေးနေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

လှိုင်မြို့နယ်၌ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သော လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်စိုးမိုးက ဖတ်ကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ကုန်စည်ပြပွဲကြီး တပ်မတော်ခန်းမ၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးဦးတည်ချက်များမှ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာစေရေးကို အထောက်အကူပြုနိုင်စေရန် ခေတ်မီ လူသုံးကုန်ပစ္စည်းများအား ပင်ရင်းကုမ္ပဏီကြီးများ၊ စက်ရုံကြီးများမှ စားသုံးသူပြည်သူများ ဈေးနှုန်းချိုသာစွာ တိုက်ရိုက်ဝယ်ယူရရှိနိုင်စေရန် ရည်ရွယ်၍ YANGON EXPO' 2010 ကုန်စည်ပြပွဲကြီးကို ဇန်နဝါရီ ၈ရက်မှ ၁၁ရက်အထိ ရန်ကုန်မြို့ တပ်မတော်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ **(အောက်ပုံ)**



လှေလာဝယ်ယူနိုင်

ကုန်စည်ပြပွဲကြီးတွင် ပြခန်းပေါင်း ၁၈၀ကျော် ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်ပြီး နံနက် ၉နာရီမှ ညနေ၆နာရီအထိ မည်သူမဆို အခမဲ့ ဝင်ရောက်လေ့လာဝယ်ယူနိုင်ရန် စီစဉ်ထားသည်။

ပြပွဲတွင် အီလက်ထရွန်နစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ၊ ကွန်ပျူတာသင်တန်းများ၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်းများ၊ အသားအရေထိန်းသိမ်းမှုဆိုင်ရာ အလှကုန်ပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ ပြည်တွင်းပြည်ပ ဆေးဝါးများ၊ ပြည်တွင်းပြည်ပ တက္ကသိုလ်၊ ကောလိပ်၊ သင်တန်းကျောင်းများ၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်းများ၊ အိမ်တွင်းအလှဆင်ပစ္စည်းများ၊ အိမ်ဆောက်ပစ္စည်းများ၊ အိမ်ရာအရောင်းပြခန်းများ၊ မိုဘိုင်းလ်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများ၊ အထွေထွေ စားသောက်ကုန်များ၊ အချိုရည်နှင့် အဖျော်ယမကာအမျိုးမျိုး၊ ဆက်သွယ်ရေးပစ္စည်းများ၊ စာရေးကိရိယာများ၊ လုံခြုံရေးပစ္စည်းများ၊ လုပ်ငန်းသုံးစက်ပစ္စည်းများ၊ သစ်တောထွက်ပစ္စည်းများနှင့် ပရိဘောဂများ၊ စားသောက်ဆိုင်များ၊ စက်မှုဇုန်များမှ ထုတ်ကုန်များနှင့် အခြားအထွေထွေ ကုန်ပစ္စည်းများကို ပါဝင်ပြသ ရောင်းချသွားမည်ဖြစ်သည်။

ပြသရောင်းချ

အထူးအစီအစဉ်အနေဖြင့် ပင်ရင်းကုမ္ပဏီကြီးများ၊ တစ်ဦးတည်းကိုယ်စားလှယ်များ၊ စက်ရုံကြီးများမှ လူသုံးကုန်ပစ္စည်းများအား အထူးလျှော့ဈေးများ၊ အပိုမေတ္တာလက်ဆောင်များ၊ ကံစမ်းမဲများ၊ အရစ်ကျငွေချေစနစ်များ၊ အိမ်အရောက်ပို့စနစ်များဖြင့် ပြသရောင်းချသွားမည်ဖြစ်သည်။

ဤပြပွဲကို Smart Business Group က စုစည်းကျင်းပခြင်းဖြစ်ပြီး AA Electronic က Main Sponsor အဖြစ် အဓိက ကူညီပံ့ပိုးပေး၍ Super Cool Tyre နှင့် Global မြေပဲဆီတို့မှ Co-Sponsor များအဖြစ် ကူညီပံ့ပိုးပေးထားသည်။

ဆက်လက်၍ မန္တလေးမြို့နှင့် မော်လမြိုင်မြို့များ၌ ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလများအတွင်း အလားတူကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

(သတင်းစဉ်)

မြန်မာ့အလင်း သတင်းပဒေသာ အတိုအထွာ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်ပညာရေးတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲ

ရန်ကုန်ပညာရေးတက္ကသိုလ်၏ (၁၅)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၀ရက်(စနေနေ့) နံနက် ၉ နာရီတွင် တက္ကသိုလ်များမွှောရုံ၌ ကျင်းပမည်ဖြစ်ရာ ကျောင်းနေဖက် သူငယ်ချင်းများအားလုံး တက်ရောက်ကြရန် နှိုးဆော်ထားသည်။

အထက(၁) ပုဇွန်တောင် မြတ်ဆရာပူဇော်မည်

အထက(၁) ပုဇွန်တောင် ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၆)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၁၀ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် အဆိုပါကျောင်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာ ဆရာမကြီးများနှင့် ကျောင်းသား ကျောင်းသူဟောင်းများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

မြဝတီမဂ္ဂဇင်း ဇန်နဝါရီလထုတ် ဖြန့်ချိ

၂၀၁၀ ခုနှစ် ဇန်နဝါရီလထုတ် မြဝတီမဂ္ဂဇင်းကို နာမည်ကြီး စာရေးဆရာများ၏ ဆောင်းပါးများ၊ ကဗျာ၊ ကာတွန်းများ၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်စေသော ရသ၊ ကျေးလက်သဘာဝ ရသနှင့် မေတ္တာဘွဲ့ရသများ ပါဝင်သည့် ဝတ္ထုများဖြင့် ထုတ်ဝေဖြန့်ချိထားပြီး ဖုန်း-၃၇၁၂၄၄နှင့် ၅၅၈၂၇၃ တို့သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။

ရူပဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် ၁၉၇၄-၁၉၇၈ စာသင်နှစ် ရူပဗေဒကျောင်းသား ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ်အနီး သစ်လုပ်ငန်းမွှောရုံ၌ ကျင်းပမည်ဖြစ်သည်။

ပေါင်းလောင်းအသင်း(ရန်ကုန်) သက်ကြီးပူဇော်ကြမည်

ပေါင်းလောင်းအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ရန်ကုန်မြို့ ရွှေကျင်မွှောရုံ၌ ဇန်နဝါရီ ၁၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ အသင်းသူ အသင်းသားများ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

ဆေးတက္ကသိုလ်(၁)ရန်ကုန် ကျောင်းသားဟောင်းများ တွေ့ဆုံပွဲ

၁၉၇၂-၁၉၈၀ခုနှစ် ဆေးတက္ကသိုလ်(၁) ရန်ကုန်ကျောင်းသား ကျောင်းသူဟောင်းများ၏ တွေ့ဆုံပွဲကို ဇန်နဝါရီ ၉ရက် (စနေနေ့) နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံဘုရားလမ်းရှိ ကျားကူးမွှေဗိမာန်၌ ကျင်းပမည်ဖြစ်သည်။

ပန်းတောင်းမဂ္ဂဇင်း အမှတ်(၈)ထုတ်ဝေမည်

ပန်းတောင်းမြို့နယ်အသင်း(ရန်ကုန်)က ပန်းတောင်းမဂ္ဂဇင်း အမှတ်(၈)ကို ဧပြီလတွင် ထုတ်ဝေမည်ဖြစ်ရာ ဝတ္ထု၊ ဆောင်းပါး၊ ကဗျာစာမူများကို ဇန်နဝါရီ ၃၁ရက် နောက်ဆုံးထား၍ ဦးခင်စိုး ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့သို့ ပေးပို့နိုင်သည်။

ရေးမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရေးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၂၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗဟန်း ၃လမ်း ခေမာရာမသီလရှင်စာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ပညာရေးစာအုပ်ပွဲတော် ကျင်းပ

လူငယ်များအတွက် ပညာရေးဆိုင်ရာ စာအုပ်အမျိုးမျိုးနှင့် အင်္ဂလိပ်-မြန်မာ အဘိဓာန်စာအုပ်များကို အထူးဈေးနှုန်းများဖြင့် ရန်ကုန်မြို့ ပန်းဆိုးတန်း (အထက်) အမှတ်၃၀၁ မြေညီထပ်၌ ရောင်းချပေးလျက်ရှိရာ အဆိုပါစာအုပ်အရောင်းပွဲကို ဇန်နဝါရီ ၁၀ရက်အထိ ခင်းကျင်းရောင်းချပေးမည်ဖြစ်သည်။

ဒိုက်ဦးအသင်း(ရန်ကုန်) နှစ်ပတ်လည်စည်းဝေးမည်

ဒိုက်ဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေးကို ဇန်နဝါရီ ၁၇ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် သိမ်ကြီးဈေး သိမ်တော်ကြီးမွှောရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ တက်ရောက်ကြရန် နှိုးဆော်ထားသည်။

ဖြူးမြို့ အထက(၂)မြတ်ဆရာပူဇော်ပွဲ

ဖြူးမြို့ အထက(၂) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၃၁ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် အဆိုပါကျောင်း အောင်ဆန်းခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖုန်း-၀၅၄-၄၀၁၃၄နှင့် ၅၉၀၅၇၁၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ ။

(မြန်မာ့အလင်း)

စုစည်းရေးသားသူ - ဝင်းကျော်

● *ကျောဖုံးမှ*

အခြေခံအိမ်တွင်းမှု သက်မွေးပညာရပ်များကို နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ လေဘေးဒဏ်ခံကြရသော ကျေးလက်ဒေသနေ အမျိုးသမီးငယ်များကို မိမိကိုယ်ပိုင်အိမ်တွင်းမှု ပညာရပ်များဖြင့် အသက်မွေးဝမ်းကျောင်းမှု ရပ်တည်နိုင်စေရန်အတွက် ဖျာပုံ၊ ဘိုကလေး၊ မော်လမြိုင်ကျွန်းနှင့် လပွတ္တာမြို့နယ် မြို့နယ်လေးမြို့နယ်ရှိ ဒေသခံ အမျိုးသမီးငယ်များအား အိမ်တွင်းမှု၊ လက်မှုအတတ်ပညာနှင့် အာဟာရမပျက် ချက်ပြုတ်နည်းပညာများကို သင်ကြားပေးလျက်ရှိရာ ယခုအခါ ဒုတိယအကြိမ်အဖြစ် အခြေခံအိမ်တွင်းမှု အထူးသင်တန်းအမှတ်စဉ် (၂) သို့ပင် ရောက်ရှိနေပြီ ဖြစ်သည်။

အိမ်တွင်းမှု

စာရေးသူတို့ သတင်းအဖွဲ့မှာ ဒီဇင်ဘာ ၁၂ရက်က ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ဧရာရွှေဝါခန်းမတွင် ဖွင့်လှစ်လျက်ရှိသော နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၂)သို့ သွားရောက်လေ့လာခွင့် ရရှိခဲ့သည်။

သတင်းအဖွဲ့ ဧရာရွှေဝါခန်းမသို့ ရောက်တော့ နံနက်၇နာရီခွဲရှိပြီဖြစ်သည်။ နံနက်ခင်း ဖျော့တော့တော့ နေရောင်ခြည်သည် အအေးဓာတ်ကို မကျော်လွှားနိုင်သေး။ ဆောင်းဦးလေပြည်ကလေးများကလည်း ရိုက်ခတ်သွေးနေသဖြင့် အအေးဓာတ်က ပိုကဲနေသည်။ ဧရာရွှေဝါ သင်တန်း ဧည့်ခန်းမအတွင်းသို့ လှမ်းဝင်လိုက်သောအခါ သင်တန်းတာဝန်ခံနည်းပြ ဒေါ်ဝင်းလဲ့ရီနှင့် နည်းပြများက ဆီးကြိုနှုတ်ဆက်ကြသည်။

"အခုသင်ကြားပေးလိုက်တဲ့ အပ်ချုပ်ပညာနဲ့ ဇီးပင်စုကျေးရွာမှာ ကိုယ်ပိုင်စက်ချုပ်ဆိုင် ဖွင့်လှစ်ပါတော့မယ်။"

မဆွေဆွေမွန်
ဇီးပင်စုကျေးရွာ။

အရသာမှာ ထူးကဲ

"ဆရာတို့သတင်းအဖွဲ့ကို သင်တန်းသူတွေကိုယ်တိုင် စီမံဆောင်ရွက်ထားတဲ့ မုန့်မျိုးစုံနဲ့ ဧည့်ခံကျွေးမွေးရဦးမယ်" ဟု သင်တန်းနည်းပြ ဒေါ်ခင်ဌေးဝင်းက ခရီးရောက်မဆိုက် ဧည့်ခံစကားဆိုလိုက်သည်။ ထို့နောက် အာလူးဆန္ဒွင်းမကင်း၊ ရွှေကြည်ဆန္ဒွင်းမကင်း၊ ကော်ဖီကျောက်ကျောနှင့် သီးစုံကျောက်ကျောတို့ဖြင့် ဧည့်ခံနေသဖြင့် မြည်းစမ်းသုံးဆောင်ကြည့်မိရာ အရသာမှာ ထူးကဲနေသည်။ သင်တန်းသူတို့၏ လက်ရာမှာ ဈေးများတွင် ရောင်းချနေသော ရောင်းတမ်းဝင်မုန့်များထက်ပင် အရသာမှာ ပိုမိုသာလွန်နေပါသည်။

ရှုမငြီးဖွယ်

ဆက်လက်၍ သင်တန်းသူများ၏ လက်မှုလက်ရာများကို ကြည့်ရှုလိုသဖြင့် သင်တန်းခန်းမအတွင်း လှည့်လည်ကြည့်ရှုလိုက်သောအခါ မိမိမျက်စိကိုပင် မိမိမယုံချင်တော့။ အရောင်စုံ၊ အသွေးစုံ၊ လက်ရာစုံတို့ဖြင့် လက်စွမ်းပြထားသည်မှာ ရောင်စုံဖူးပွင့်နေသော ပန်းဥယျာဉ်ကြီးအတွင်း ရောက်ရှိနေသည့်အလား ရှုမငြီးဖွယ် တင့်တယ်လှပနေသည်။စာရေးသူ၏ စိတ်ထဲတွင် သင်တန်းသူများ၏ လက်ရာမှ ဟုတ်မှ…ဟုတ်ပါ လေစဟု တွေးထင်မိခဲ့သည်။

စာရေးသူက သင်တန်းနည်းပြများဘက်လှည့်ပြီး လက်ရာတွေက သန့်လည်းသန့်၊ ကောင်းလည်းကောင်းတယ်နော်…ဟု မေးမြန်းလိုက်ရာ တာဝန်ခံနည်းပြ ဒေါ်ဝင်းလဲ့ရီက "အခုချိတ်ဆွဲပြသထားတဲ့ပစ္စည်းတွေအားလုံးက သင်တန်းသူတွေရဲ့ လက်ရာတွေပါပဲ။ သင်တန်းသူတွေက သူတို့ဘဝရဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်မို့ အချိန်ကို တန်ဖိုးရှိစွာ အသုံးချပြီး ကြိုးစားကြပါတယ်။ ကျွန်မတို့ သင်ပြသလောက်လည်း သင်ယူမှတ်သားနိုင်ကြပါတယ်။ ဒါကြောင့်လည်း အခုလို လက်ရာတွေက သိပ်ကောင်းနေတာပါ"ဟု ရှင်းလင်းပြောပြသည်။

အခုမှ…စာရေးသူ တွေးထင်ခဲ့သော သင်တန်းသူများ၏ လက်ရာ ဟုတ်မှ… ဟုတ်ပါလေစ ဟူသောအတွေးမှာ ရှင်းသွားပြီဖြစ်သည်။

သင်တန်းခန်းမအတွင်း ချိတ်ဆွဲပြသထားသော စက်ချုပ်လက်ရာများမှာ သွားရည်ခံ၊ ဇီးကွက်အင်္ကျီ၊ ကလေးဘောင်းဘီ၊ ကလေးဖိနပ်၊ရှုံ့အိတ်၊ ဦးထုပ်၊ ဘလောက်(စ်)ခါးတင် လက်ဆက်အင်္ကျီ၊ ဘလောက်(စ်)ပုံဆန်းအင်္ကျီ၊ နောက်ကွဲ ဇစ်တပ်အင်္ကျီ၊ ခါးတိုလည်ထောင် လက်ဆက်အင်္ကျီ၊ ဟာဝေယံ ရှပ်အင်္ကျီ၊ လည်ကတုံးရှပ်အင်္ကျီ၊ စင်တီ ဘလောက်(စ်)အင်္ကျီ၊ ပခုံးပျောက် ဘလောက်(စ်)အင်္ကျီနှင့် စကတ်တို့ကို တွေ့မြင်ခဲ့ရပြီး လက်မှုပညာ ဇာထိုးပန်းထိုး လက်ရာများတွင် ဘောင်တဘက်၊ ခေါင်းအုံးစွပ် တစ်ချောင်းထိုးတဘက်၊ ဖဲမီးဆိုင်း၊ ဦးထုပ်၊ ဆပ်ပြာပန်းခြင်း၊ ဝက်ဝံရုပ်၊ သော့ချိတ်၊ ကတ်အိတ်၊ လည်ပတ်ဦးထုပ်၊ တစ်ချောင်းထိုး လက်ကိုင်ပဝါ၊ ကိုရီးယား တဘက်နှင့် ဇုန်းခင်းတို့ကို ချိတ်ဆွဲပြသထားသည်ကို တွေ့မြင်ခဲ့ရသည်။

တတ်မြောက်နေ

ထို့နောက် လက်ထောက်နည်းပြ ဒေါ်နန်းမိုးလှိုင်နှင့် ဒေါ်ဥမ္မာလှိုင်၊ အကူနည်းပြ ဒေါ်နှင်းအိဇင်တို့က သတင်းအဖွဲ့ကို ဤသို့ဆက်လက်ရှင်းပြသည်။ "ကျွန်မတို့ရဲ့ သင်တန်းသူတွေက စက်ချုပ်ဘာသာရပ်နဲ့ လက်မှု ဘာသာရပ်များသာ တတ်မြောက်ကြတာ မဟုတ်ပါဘူး။ ဟင်းလျာချက်ပြုတ်နည်းနဲ့ မုန့်မျိုးစုံပြုလုပ်နည်းတွေပါ တတ်မြောက်နေကြပါပြီ။ ဟင်းလျာချက်ပြုတ်နည်းမှာ ကြက်သားဟင်းချက်နည်း၊ ဆိတ်သားဟင်းချက်နည်း၊ ဝက်သားနီချက်နည်း၊ ငါးသလောက်ပေါင်းနည်း၊ သီးစုံချဉ်ရည်ဟင်းချက်နည်း၊ မုန့်ဟင်းခါး ချက်နည်းနဲ့ ကြာဆံဟင်းခါး ချက်နည်းတွေပါ သင်ကြားပေးလိုက်တဲ့ အပြင် မုန့်မျိုးစုံလုပ်နည်းတွေမှာတော့ အာလူးဆန္ဒွင်းမကင်း၊ ရွှေကြည်ဆန္ဒွင်းမကင်း၊ သီးစုံကျောက်ကျော၊ အုန်းနို့ကျောက်ကျော၊ ကော်ဖီကျောက်ကျောနဲ့ သာကူမုန့်ဖက်ထုပ် လုပ်နည်းတွေပါ သင်ကြားပေးလိုက်တာဖြစ်လို့ ဒီသင်တန်းက ဆင်းသွားပြီဆိုရင် သင်တန်းသူများအနေနဲ့ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်ကာ မိမိစီးပွားဖွံ့ဖြိုးတိုးတက်ဖို့ ထူထောင်နိုင်ကြပါပြီ"ဟု ဝမ်းသာအားရ ရှင်းလင်းပြောပြသည်။

မော်လမြိုင်ကျွန်းမြို့ အခြေခံအိမ်တွင်းမှုအထူးသင်တန်း အမှတ်စဉ်(၂)မှ သင်တန်းသူအချို့ ဘောင်တဘက်၊ သိုးမွေးဦးထုပ်၊ သော့ချိတ်နှင့် ကတ်အိတ်များ ထိုးနေကြစဉ်။ (မြန်မာ့အလင်း)

အလားအလာ

စာရေးသူပင် ဤအခြေခံအိမ်တွင်းမှု အထူးသင်တန်းများ၏ အကျိုးကျေးဇူးကြီးမားပုံကို သိမြင်လာသဖြင့် အမျိုးသမီးငယ်များ၏ဘဝ မြင့်မားတိုးတက်လာတော့မည့် ရှေ့အလားအလာများကို အတွေးဖြင့် ပုံဖော်ကြည့်ရင်း တစိမ့်စိမ့်ကြည်နူးဝမ်းသာနေမိပါသည်။

နံနက် ၈နာရီတွင် သင်တန်းချိန် စတင်သဖြင့် သင်တန်းခန်းမအတွင်းသို့ သင်တန်းသူများ စည်းကမ်းသေဝပ်စွာ ရောက်ရှိနေရာယူကြသည်။ သင်တန်းဆင်းရက် နီးနေပြီ ဖြစ်၍ သင်တန်းသူများမှာ သင်တန်းဘာသာရပ် မျိုးစုံကို တတ်မြောက်နေကြပြီဖြစ်၍ အပ်ချုပ်စက်ကိုယ်စီဖြင့် အမျိုးသား ဟာဝေယံရှပ်အင်္ကျီများကို ပိုင်နိုင်စွာချုပ်လုပ်နေကြသည်။ အမျိုးသား ဟာဝေယံရှပ်အင်္ကျီ ချုပ်ပြီးသောအခါ သင်တန်းသူများက အမျိုးသားလည်ကတုံး ရှပ်အင်္ကျီများကို ဆက်လက်ချုပ်လုပ်နေကြသည်ကို သတင်းအဖွဲ့ တွေ့မြင်ခဲ့ရသည်။

သင်တန်းခန်းမ တစ်နေရာတွင် သင်တန်းသူ နှစ်ဖွဲ့ခွဲ၍ လက်မှုပညာရပ်တစ်ခုဖြစ်သော ဘောင်တဘက်များကို သင်တန်းသူများကိုယ်တိုင် ဘောင်တဘက် ထိုးနေပုံမှာ ကျွမ်းကျင်ပိုင်နိုင်လှသည်။ ယခုအခါ ဈေးကွက်များတွင် ဘောင်တဘက်မှာ ခေတ်စားလာသဖြင့် သင်တန်းသူများ စိတ်ဝင်စားကြသည်။ သင်တန်းသူတစ်ဖွဲ့မှာမူ ဘောင်တဘက်ထိုးနေသူက ဘောင်တဘက်ထိုးနေပြီး အချို့သင်တန်းသူများက သိုးမွေးဦးထုပ်၊ သော့ချိတ်နှင့် ကတ်အိတ်များ ထိုးနေကြသည်။

သင်တန်းခန်းမအတွင်း လေ့လာပြီးနောက် ဧရာရွှေဝါမှ စာရေးသူတို့သတင်းအဖွဲ့ ထွက်ခွာတော့ နံနက် ၁၁ နာရီရှိပြီဖြစ်သည်။ ကြည်လင် တောက်ပသော မိုးကောင်းကင်ပြာလဲ့လဲ့အောက်တွင် နေပူရှိန်မှာ တရှိန်ရှိန်တက်၍ ပူပြင်းလှပါဘိ။ ယခုတော့ နံနက်ပိုင်းက စိုးမိုးမင်းမူခဲ့သော အအေးဓာတ်မှာဘယ်ဆီသို့ ရှောင်ပြေးပုန်းခိုသွားသည် မသိတော့။

ဒီဇင်ဘာ ၁၄ ရက်တွင် မော်လမြိုင်ကျွန်းမြို့ ဧရာရွှေဝါခန်းမ၌ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၂)၏ သင်တန်းဆင်းပွဲကို နံနက် ၇ နာရီတွင် ကျင်းပခဲ့သည်။ သင်တန်းဆင်းပွဲတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားခဲ့သည်။ သင်တန်းသို့ မြို့နယ်အတွင်းရှိ လေဘေးသင့်ကျေးရွာများမှ အဆောင်နေသင်တန်းသူ ၃၀ နှင့်မော်လမြိုင်ကျွန်းမြို့ပေါ်မှ နေ့သင်တန်းသူ ၃၀၊ စုစုပေါင်း ၆၀တက်ရောက်ခဲ့ကြသည်။ သင်တန်းသူများမှာ အားတက်ရွှင်လန်းနေကြသည်။ စိတ်ဓာတ်ကြံ့ခိုင်ပြည့်ဖြိုးနေကြသည်။ ဝမ်းသာကြည်နူးပျော်ရွှင်နေကြသည်။ သင်တန်းကာလမှာ အောက်တိုဘာ ၁၂ရက်မှ ဒီဇင်ဘာ ၁၄ ရက်အထိ ဖြစ်ပေသည်။

သင်တန်းတွင် ထူးချွန်ဆုရရှိသူများမှာ ပထမဆု မဆွေဆွေမွန်(ကျိုက်ပိကျေးရွာအုပ်စု ဇီးပင်စုကျေးရွာ)၊ ဒုတိယဆု မမေရွက်ဝါ (ကြက်လျှာကျေးရွာအုပ်စု ခနိချောင်းစံပြကျေးရွာ)နှင့် တတိယဆု မရီရီဦး (ထယ်ချောင်း ကျေးရွာအုပ်စု ထယ်ချောင်းကျေးရွာ)တို့ ရရှိခဲ့ကြသည်။

သင်တန်းဆင်းပွဲပြီးနောက် သတင်းအဖွဲ့မှာ တာဝန်ခံနည်းပြ ဒေါ်ဝင်းလဲ့ရီအား တွေ့ဆုံမေးမြန်းခဲ့ရာ "ကျွန်မတို့ သင်ကြားပေးလိုက်တဲ့ သင်တန်းသူတွေရဲ့ အနာဂတ်ဘဝကတော့ ဖွံ့ဖြိုးတိုးတက် သာယာသွားပါပြီ၊ အခုတတ်မြောက်ခဲ့တဲ့ အိမ်တွင်းမှုပညာရပ်တွေနဲ့ မိမိကိုယ်ပိုင် ဆိုင်ဖွင့်ပြီး ကိုယ်ပိုင်စီးပွားရေး ထူထောင်နိုင်ကြမှာမို့ ကျွန်မအနေနဲ့ သိပ်ဝမ်းသာပါတယ်"ဟု အားပါးတရ ရှင်းလင်းပြောပြသည်။

ထို့နောက် ပထမဆုရ ထူးချွန်သင်တန်းသူ မဆွေဆွေမွန်နှင့်တွေ့ဆုံပြီး ရင်တွင်းစကားကို စေ့ငုမေးမြန်းခဲ့ရာ "သမီးကတော့ ပြောမပြတတ်အောင် ဝမ်းသာပါတယ်။ အခုသင်ကြားပေးလိုက်တဲ့ အပ်ချုပ်ပညာနဲ့ ဇီးပင်စုကျေးရွာမှာ ကိုယ်ပိုင်စက်ချုပ်ဆိုင် ဖွင့်လှစ်ပါတော့မယ်။ ဒါ့အပြင် ဘောင်တဘက်တို့၊ ခေါင်းအုံးစွပ်တို့ကိုလည်း ထိုးရောင်းသွားမှာပါ။ အပ်ချုပ်စက် ဆင့်ပွားသင်တန်းဖွင့်ဖို့လည်း အစီအစဉ်ရှိပါတယ်"ဟု ရှင်းလင်း ပြောပြသည်။

သတင်းအဖွဲ့ နောက်ဆုံး တွေ့ဆုံမေးမြန်းခဲ့သူမှာ ဒုတိယဆုရ မမေရွက်ဝါဖြစ်သည်။ "သမီးကတော့ အခုလို အိမ်တွင်းမှု အသက်မွေးဝမ်းကျောင်းပညာရပ် တက်ရောက်ခွင့်ရလို့ နိုင်ငံတော်နဲ့ သင်တန်းစီစဉ်သူအားလုံးကို ကျေးဇူးတင်ပါတယ်။ သမီး ခနိချောင်းစံပြကျေးရွာမှာ အပ်ချုပ်ဆိုင်ဖွင့်ပါ့မယ်။ ဘောင်တဘက် ထိုးရောင်းပါ့မယ်။ နောက်ပြီး အခြေခံ စက်ချုပ်ပညာနဲ့ လက်မှုပညာတွေကို ဆင့်ပွား သင်တန်းဖွင့်ဖို့ အစီအစဉ်ရှိပါတယ်"ဟု ရှင်းလင်းပြောပြသွားသည်။

သင်တန်းဆင်း

အလားတူ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၂) သင်တန်းဆင်းပွဲများကို ဒီဇင်ဘာ ၁၃ရက်နှင့် ၁၄ရက်နေ့များက ဖျာပုံ၊ ဘိုကလေးနှင့် လပွတ္တာမြို့များ၌ ကျင်းပခဲ့သည်ဟု သိရသည်။

သို့ဖြစ်ပေရာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနမှ ဧရာမြေ မြို့နယ်လေးမြို့နယ်တွင် ဖွင့်လှစ်ခဲ့သော အခြေခံအိမ်တွင်းမှု အထူးသင်တန်းများသည်ကား လေဘေးသင့်ဒေသမှ ကျေးလက်နေအမျိုးသမီးငယ်များ၏ ဘဝအသွင် ပြောင်းလဲတိုးတက်ကာ လူနေမှုအဆင့်အတန်း ပိုမိုမြင့်မားလာမည့်အပြင် ရိုးရာယဉ်ကျေးမှု၊ အိမ်တွင်းမှု အတတ်ပညာများလည်း ပိုမိုထွန်းကား ပြန့်ပွားလာတော့မည်သာ ဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာ တင်ပြလိုက်ရပါသည်။ ။ **(သတင်းစဉ်)**

ကိုရီးယားသမ္မတနိုင်ငံ အစိုးရက ပညာတော်သင်ဆု ခေါ်ယူ

ရန်ကုန် ဇန်နဝါရီ ၆

ကိုရီးယားသမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံအကြား အပြန်အလှန် ချစ်ခင်ရင်းနှီးမှုနှင့် ပညာရေးကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးအတွက် ရည်ရွယ်၍ ကိုရီးယားသမ္မတနိုင်ငံ အစိုးရသည် " Year 2010 Korean Government Scholarship Program for Undergraduate Students" ပညာသင်ဆုများကို မြန်မာကျောင်းသား ငါးဦးတို့အား ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပညာသင်ဆုကို အသက် ၂၅နှစ်အောက်၊အထက်တန်းကျောင်း အောင်မြင်ပြီးသူ မည်သူမဆို လျှောက်ထားနိုင်ပြီး လျှောက်လွှာအပါအဝင် လိုအပ်သည့် အသေးစိတ်အချက်အလက်များကို http:// www.niied.go.kr တွင် ကြည့်ရှုနိုင်ကြောင်း၊ ဖြည့်စွက်ပြီးလျှောက်လွှာများကို ဇန်နဝါရီ ၁၅ရက် နောက်ဆုံးထားပြီး ကိုရီးယားသံရုံးသို့ ပေးပို့လျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**



ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဒီပဲယင်းမြို့နယ်၌ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

ဒီပဲယင်း ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်း ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးတင်သန်းဝင်းသည် ခရိုင်ဦးစီးအရာရှိ ဦးညိုဝင်း၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်နိုင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးဇော်မင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်လင်းတို့နှင့်အတူ ဒီဇင်ဘာ၁၂ရက် မွန်းလွဲ ၁နာရီက နများကျေးရွာ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ ဒီပဲယင်းမြို့နယ် နများ၊ ယဉ်ကျေး၊ မရိုးကုန်း၊ ပေါက်ရင်း၊ မစိုးရိမ်၊ မြို့ကြီး၊ ဘန့်ပွေးကျေးရွာများမှ ကျေးရွာပြည်သူများအား တွေ့ဆုံဆွေးနွေး၍ ဟောပြောပွဲကျင်းပသည်။

ဟောပြော

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဦးစီးမှူးက ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး၊ သတ်မှတ်စံ(၅)ချက်နှင့် ညီညွတ်ရေး၊ စာဖတ်ရှိန်မြှင့်တင်ရေးစသည့် ဗဟုသုတဖြစ်ဖွယ်ရာများ ဆွေးနွေး ဟောပြောသည်။ **(အပေါ်ပုံ)**

တက်ရောက်

အဆိုပါ တွေ့ဆုံဆွေးနွေးဟောပြောပွဲသို့ ကျေးရွာခုနစ်ရွာမှ ကျေးရွာပြည်သူ ၁၂၀၀တက်ရောက်ကြသည်။

(မြို့နယ် ပြန်/ဆက်)

တောင်ပိုင်းဒေသများ၌ မိုးအနည်းငယ်ရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၆

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းတွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ ညအပူချိန်များမှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ မကွေးတိုင်းနှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီ စင်တီဂရိတ်၊ မှ ၄ ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ပြီး ဧရာဝတီတိုင်းတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက်၅ ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီ ဂရိတ်အထိပိုခဲ့ကာ ကျန်ဒေသများတွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်မှာ မြိတ်မြို့တွင် ၁ဒသမ ၃၄လက်မဖြစ်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

ယနေ့ညနေအထိ ခန့်မှန်းချက်မှာ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့်သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် မိုးအနည်းငယ် ဆက်လက်ရွာနိုင်သည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။

ထူးခြားသည့် ညအပူချိန်

၆-၁-၂၀၁၀

ဟားခါးမြို့	၂ ဒီဂရီစင်တီဂရိတ်
ဟဲဟိုးမြို့	၃ ဒီဂရီစင်တီဂရိတ်
ပူတာအိုမြို့	၄ ဒီဂရီစင်တီဂရိတ်
အမ်းမြို့	၄ ဒီဂရီစင်တီဂရိတ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့

ကမ္ဘာ့နိုင်ငံ အကြီးအကဲများ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်းကောင်း ကမ္ဘာ့နိုင်ငံများမှ နိုင်ငံအကြီးအကဲများနှင့် ဝန်ကြီးချုပ်များ၊ နိုင်ငံခြားရေးဝန်ကြီးများက လွတ်လပ်ရေးနေ့သဝဏ်လွှာများ ပေးပို့ကြသည်-

ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံသမ္မတ ဟော့စ်ခိုလာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံသားအားလုံးကို လှိုက်လှဲဂုဏ်ယူစွာ နှုတ်ခွန်းဆက်သပါကြောင်း၊ မြန်မာနိုင်ငံသားများ သာယာဝပြောစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံ ဆက်လက်ဖွံ့ဖြိုးတိုးတက်စေရန် အတွက်လည်းကောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

နီပေါနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ နီပေါနိုင်ငံ သမ္မတ H.E.Dr. Ram BaranYadav ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာ ပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကျန်းမာချမ်းသာစေရန်လည်းကောင်း၊ မြန်မာနိုင်ငံသားအားလုံး ပျော်ရွှင်ချမ်းမြေ့ကြစေရန်လည်းကောင်း ဆုမွန်ကောင်းများ တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး သိန်းစိန်ထံသို့ နီပေါနိုင်ငံဝန်ကြီးချုပ် H.E.Mr. Madhav Kumar Nepal ထံမှ လွတ်လပ်ရေးနေ့ သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကျန်းမာချမ်းသာစေရန်လည်းကောင်း၊ မြန်မာနိုင်ငံသားအားလုံး တိုးတက်သာယာဝပြောစေရန်လည်းကောင်း အနာဂတ်ကာလ၌ နှစ်နိုင်ငံဆက်ဆံရေး ဆက်လက်တိုးတက်ဖြစ်ထွန်းစေရန် ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ

၂၀၁၀ခုနှစ် ဇန်နဝါရီ ၄ရက်၌ ကျရောက်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံသို့ သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မဟင်ဒါရာဂျာပက်ခ်စာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ရာ၌ မြန်မာနိုင်ငံ၏လွတ်လပ်ရေးနေ့ အခါသမယတွင် သီရိလင်္ကာအစိုးရနှင့် ပြည်သူများအနေဖြင့်ရော၊ မိမိအနေဖြင့်ရော အဆွေတော်နှင့် မြန်မာအစိုးရတို့ထံ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ပါကြောင်း၊ သီရိလင်္ကာနှင့် မြန်မာနိုင်ငံတို့သည် ဗုဒ္ဓသာသနာအမွေအနှစ်များ ထွန်းကားခဲ့သည့်အလျောက် ရာစုနှစ်နှင့်ချီ၍ ဆက်ဆံရေး ခိုင်မာလာခဲ့ပါကြောင်း၊ လွန်ခဲ့သည့်နှစ်က နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် နှစ် (၆၀)ပြည့်ခဲ့ပါကြောင်း၊ မကြာမီကအဆင့်မြင့် ခေါင်းဆောင်များ အပြန်အလှန် လည်ပတ်ခဲ့ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။

ထို့အတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ထံသို့ သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာရတနာသီရိဝစ်ခရမ် မာနာရာကာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့ခဲ့ပါသည်။

အလားတူ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းထံသို့လည်း သီရိလင်္ကာ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ရိုဟီသာ ဘိုဂိုလာဂါမာထံမှ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

မကွေးတိုင်း လူထုအားကစားလှုပ်ရှားမှုဦးစီးကော်မတီ၏ ဦးဆောင်မှုဖြင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာ ဒုတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာ ၁၂ရက် နံနက်က တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် အဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့ပေါ်ရပ်ကွက်များမှ အားကစားဝါသနာရှင်များ ခရိုင်အားကစားကွင်းရှေ့မှ စတင်ထွက်ခွာစဉ်။
(မြို့နယ်အား/ကာဦးစီး)

ညောင်တုန်းမြို့နယ် ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်

ညောင်တုန်း ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၏ ကြီးကြပ်မှုဖြင့် ညောင်တုန်းမြို့နယ်ဂီတအစည်းအရုံး ဖွဲ့စည်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၂၀ရက် မွန်းလွဲ ၁နာရီကကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) မြို့နယ်ဂီတအစည်းအရုံး ဖွဲ့စည်းရေးအဖွဲ့ခေါင်းဆောင် ပျဉ်းမနားမြင့်လှိုင်က ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ကြေညာ

ထို့နောက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို)မှ ဓနုဖြူစိုးသိမ်းက ညောင်တုန်းမြို့နယ် ဂီတအစည်းအရုံး အမှုဆောင်ကော်မတီဝင်များ၏ အမည်စာရင်းကိုကြေညာပြီး ညောင်တုန်းမြို့နယ်ဂီတအစည်းအရုံး အမှုဆောင်ကော်မတီခန့်အပ်လွှာကို မြို့နယ်ဂီတအစည်းအရုံးဥက္ကဋ္ဌ ဦးတင်ဦးသို့ ပေးအပ်လိုက်သည်။ ဆက်လက်၍ ညောင်တုန်းမြို့နယ် ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ဖဲကြိုးဖြတ်

ထို့နောက် ညောင်တုန်းမြို့နယ် ဂီတအစည်းအရုံး ဆိုင်းဘုတ်ကို ညောင်တုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမရှေ့၌ စိုက်ထူပြီး ညောင်တုန်းမြို့နယ် ဥက္ကဋ္ဌ ဦးမောင်မောင်ဇင်၊ ဖွဲ့စည်းရေး အဖွဲ့ခေါင်းဆောင် ပျဉ်းမနားမြင့်လှိုင်နှင့် ညောင်တုန်းမြို့နယ် ဂီတအစည်းအရုံး ဥက္ကဋ္ဌ ဦးတင်ဦးတို့က ဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အပေါ်ပုံ) (၁၅၂)

စာအုပ်စာပေ လူ့မိတ်ဆွေ

ကျန်းမာ သန်ထွား ဉာဏ်မြင့်မား အိုင်အိုဒင်းဆား နေ့တိုင်းစား

လူတိုင်း ကျန်းမာကြံ့ခိုင်၍ ကလေးငယ်များ ဉာဏ်ရည်ထက်မြက်စေရန် မိသားစုတိုင်း အသက်အရွယ်မရွေး၊ နေရာဒေသမရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးဖို့ လိုပါသည်။

ပင်လယ်ထွက်အစားအစာများတွင် အိုင်အိုဒင်းပါဝင်သော်လည်း ခန္ဓာကိုယ်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်လောက်အောင် မများပြားပါ။ အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးမှသာ အိုင်အိုဒင်းကို လုံလောက်အောင် ရရှိနိုင်ပါသည်။

အိုင်အိုဒင်းချို့တဲ့ပါက

ကိုယ်ဝန်ဆောင်မိခင်များသည် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးခြင်း၊ ဆွံ့အနားမကြားသောကလေး၊ ခြေလက်မသန်စွမ်းသော ကလေးမွေးဖွားခြင်း၊ မွေးဖွားလာသောကလေး ဉာဏ်ရည်နိမ့်ခြင်းတို့ ဖြစ်တတ်သည်။

ဉာဏ်ရည်နိမ့်

ကလေးများသည် ပညာသင်၍မရအောင် ဉာဏ်ရည်နိမ့်ခြင်း၊ အဆင့်မြင့်ပညာများ သင်ယူနိုင်လောက်အောင် ဉာဏ်ရည်မထက်မြက်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်း၊ ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးမှု နှေးကွေးခြင်း၊ ပုညက်ခြင်းတို့ ဖြစ်တတ်သည်။

လူကြီးများသည် လည်ပင်းကြီးရောဂါဖြစ်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်း၊ မိသားစုစီးပွားရေး၊ ပညာရေး၊ လူမှုရေး အဆင့်အတန်း နိမ့်ကျခြင်းတို့ ဖြစ်တတ်သည်။

အိုင်အိုဒင်းချို့တဲ့မှုမှ ကာကွယ်ရန်

နေရာဒေသမရွေး၊ အသက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးပါ။

ကျန်းမာရေးဝန်ကြီးဌာန

PTT Lubricants ၏ 2009 ခုနှစ် Thank You Party ၊ ရောင်းအားအမြင့်ဆုံး Dealer ဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲ

ရန်ကုန် ဇန်နဝါရီ ၆

PTT Public Co., Ltd. (Thailand) နှင့် မြန်မာနိုင်ငံ Sole Distributor ဖြစ်သည့် Tunn Star Co., Ltd. တို့ ပူးပေါင်း၍ PTT Lubricants ၏ ၂၀၀၉ခုနှစ် Thank You Party ၊ ရောင်းအားအမြင့်ဆုံး Dealer ဆုပေးပွဲနှင့် ဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၂၀ရက်က ရန်ကုန်မြို့ရှိ ချန်ထရီယမ် ဟိုတယ် Pool Garden ၌ကျင်းပရာ ရှေးဦးစွာ Tunn Star Co., Ltd. မှ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ထွန်းနှင့် PTT Public Co., Ltd. (Thailand) Commercial & International Marketing မှ Executive Vice President Mr. Sarun Rangkarisi တို့က နှုတ်ခွန်းဆက်စကား ပြောကြားပြီး Tunn Star Co., Ltd. ဥက္ကဋ္ဌ ဦးထွန်းလွင် (အောက်ပုံ)၊ မန်နေဂျင်းဒါရိုက်တာ ဦးအောင်နိုင်ထွန်းနှင့် PTT Public Co., Ltd (Thailand) Executive Vice President Mr. Sarun Rangkarisi တို့က PTT Lubricants 2009 ခုနှစ် ရောင်းအားအမြင့်ဆုံး Top 10 Dealer ဆုရရှိကြသည့် အရောင်းကိုယ်စားလှယ်များအား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အရောင်းကိုယ်စားလှယ်များအား အမှတ်တရ ကံစမ်းမဲဖောက်ပေးပြီး ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

ယုံကြည်လက်ခံ

PTT သည် ထိုင်းနိုင်ငံ၏ အကြီးဆုံး ရေနံဓာတုကုမ္ပဏီဖြစ်ပြီး PTT Lubricants သည် ထိုင်းနိုင်ငံ၏ Market Share No.(1) ဖြစ်သည့် စက်ချောဆီ အမှတ်တံဆိပ်ဖြစ်သည်။ မြန်မာနိုင်ငံတွင် PTT Lubricants ကို ဖြန့်ဖြူးခဲ့သည်မှာ နှစ်နှစ်ခန့်သာ ရှိသေးသော်လည်း အရည်အသွေး စစ်မှန်ပြည့်ဝသည့်အတွက် အချိန်တိုကာလအတွင်း သုံးစွဲဖြန့်ဖြူးသူများ၏ ယုံကြည်လက်ခံ သုံးစွဲမှုခံရသဖြင့် စက်ချောဆီလောကတွင် နေရာကောင်းတစ်ခု ရရှိနေပြီဖြစ်သည်။

စုံစမ်းဝယ်ယူနိုင်

Tunn Star Company Limited မှ PTT တံဆိပ်အဆင့်မြင့်ဓာတ်ဆီ၊ CNG ၊ ဒီဇယ်အင်ဂျင်သုံး စက်ချောဆီ အမျိုးမျိုးအပြင် စက်ရုံသုံး ဟိုက်ဒရောလစ်ဆီ၊ ဂီယာဝိုင်၊ ကွန်ပရက်ဆာဆီ၊ အမဲဆီ၊ မော်တော်ဆိုင်ကယ်သုံး အင်ဂျင်ဝိုင်နှင့် ရေယာဉ်အင်ဂျင်သုံး အထူးစက်ချောဆီ အမျိုးမျိုးကို ဖြန့်ဖြူးရောင်းချလျက်ရှိပြီး Tunn Star Co., Ltd. ဖုန်း-၀၁-၂၉၄၇၀၁၊ ၂၉၄၇၀၂၊ ၂၉၄၇၀၄၊ ၂၉၈၁၀၃နှင့် ၂၉၈၁၂၄ တို့သို့ ဆက်သွယ် စုံစမ်းဝယ်ယူနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၇-၁-၂၀၁၀ (ကြာသပတေးနေ့)

နံနက်ပိုင်း

၅း၀၀	MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၅း၁၅	MRTV-4 သတင်း
၆း၀၀	**ဝိပဿနာဆိုင်ရာ ဝေါဟာရများ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၇း၀၀	MRTV-4 သတင်း
၇း၄၅	ရန်ကုန်မြင်ကွင်းကျယ် (20th Anniversary of child right day)
၈း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၈း၃၀	Sports World (NUTS)
၈း၅၅	Style ရှိမှ Star ဖြစ်မယ်
၉း၄၀	MRTV-4 ကျန်းမာရေးကဏ္ဍ (သိမှတ်ဖွယ်ရာ ကင်ဆာရောဂါ)
၁၀း၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရှော့ရှိတဲ့ အချစ်များ**
၁၀း၅၀	အာစရိယ ဂုဏပူဇာ ကွမ်းခြံကုန်း အထက(၂)မှာ
၁၁း၁၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မပုံ့နှင့်တွေ့ဆုံခြင်း)
၁၁း၃၀	ဖြစ်ရပ်မှန် လူကုန်ကူးမှု မှတ်တမ်းနှင့် မိတ်ဆက်ခြင်း
၁၁း၅၅	**ကျေးစူးကြီးလှ မိနှင့်ဖ** အကယ်ဒမီ ရဲအောင်၊ အကယ်ဒမီ ဇော်ဦး၊ ဦးဝင်းမြင့်၊ ကျော်ဇေယျ၊ အကယ်ဒမီ မြတ်ကေသီအောင်၊ စိုးမိုးကြည်၊ မျိုးစန္ဒီကျော်၊ ပန်ဆုပြည့်ကျော် (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
၁၂း၁၅	ရှင်တော် မဟာမုနိ···· ဘဂဝါပူဇေမိ
၁၂း၄၀	အောင်စကြာ အရှင်စန္ဒသိရီ၏ ဝိဇာတ မွေးနေ့မင်္ဂလာနှင့် ကျောင်းလွှတ်ပူဇာ မင်္ဂလာ
၁း၀၀	**ဝိပဿနာဆိုင်ရာ ဝေါဟာရများ** တရားတော် (ဆရာတော် ဓမ္မဒူတ ဒေါက်တာ အရှင်ပညိဿရ)
၂း၀၀	MRTV-4 သတင်း
၂း၄၅	Fashion Music Festival [Pop ကမ်းခြေ(၁)]
၃း၂၀	အနုပညာရပ်ဝန်းမှ ရင်ခုန်သံများ **ရှော့ရှိတဲ့အချစ်များ**
၃း၅၀	သတင်းပေးလို့ဖော် တောင်ငူပဲကြော်၊ ပဲလှော်
၄း၀၀	ရန်ကုန်မြင်ကွင်းကျယ် (Carrick Institute of Education၏ ပညာရေးဟောပြောပွဲ)
၄း၁၅	**အောင်မြင်သူတို့ဘဝ ကျော်ကြားသူတို့အတွက်မေမေ** (အပိုင်း-၁)
၄း၄၅	အာစရိယ ဂုဏပူဇာ ကွမ်းခြံကုန်း အထက(၂)မှာ
၅း၀၅	အနုပညာမိုးကောင်းကင်
၅း၁၀	MRTV-4 ကာတွန်းအစီအစဉ်
၆း၀၀	MRTV-4 သတင်း
၆း၂၀	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မပုံ့နှင့်တွေ့ဆုံခြင်း)
၆း၄၀	ရန်ကုန်မြင်ကွင်းကျယ် (Carrick Institute of Education ၏ ပညာရေးဟောပြောပွဲ)
၇း၀၀	Fashion Music Festival [Pop ကမ်းခြေ(၁)]
၇း၃၅	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Inner Space)
၈း၀၀	MRTV-4 သတင်း
၈း၃၅	Style ရှိမှ Star ဖြစ်မယ်
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁၀း၀၀	ဂီတသရုပ်ပြခန်း [တေးသံရှင်ရဲ့တေးလက်ဆောင် (စည်သူလွင်)]
၁၀း၂၅	**အောင်မြင်သူတို့ဘဝ ကျော်ကြားသူတို့အတွက်မေမေ** (အပိုင်း-၁)
၁၀း၄၀	အောင်စကြာ အရှင်စန္ဒသိရီ၏ ဝိဇာတမွေးနေ့ မင်္ဂလာနှင့် ကျောင်းလွှတ်ပူဇာ မင်္ဂလာ
၁၀း၅၀	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၁၁း၁၀	အရသာထူးကဲဆယ်နှစ်ရာသီ ပိန္နဲ
၁၁း၂၅	လေးပါးဆေးအမယ် ပေါင်းစုယူ ဆေးစတုမဓု
၁၁း၄၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁း၀၀	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ဆောင်မှုဖြင့် ၂၀၀၉ခုနှစ် ဒီဇင်ဘာ ဒုတိယပတ်
သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး
င့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊
နာရှင်များ ခရိုင်အားကစားကွင်းရှေ့မှ စတင်
(မြို့နယ်အား/ကာဦးစီး)

ဝန်ထွား ညဏ်မြင့်မား
င်းဆား နေ့တိုင်းစား

ာ်ခိုင်၍ ကလေးငယ်များ ညဏ်ရည်ထက်မြက်
သက်အရွယ်မရွေး၊ နေရာဒေသမရွေး အိုင်အိုဒင်း
လိုပါသည်။
အစာများတွင် အိုင်အိုဒင်းပါဝင်သော်လည်း ခန္ဓာ
ဖြည့်ဆည်းပေးနိုင်လောက်အောင် မများပြားပါ။
စားသုံးမှသာ အိုင်အိုဒင်းကို လုံလောက်အောင်

အိုင်အိုဒင်းချို့တဲ့ပါက

များသည် ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေ
သောကလေး၊ ခြေလက်မသန်စွမ်းသော ကလေး
သောကလေး ညဏ်ရည်နိမ့်ခြင်းတို့ ဖြစ်တတ်

ညဏ်ရည်နိမ့်

ပညာသင်၍မရအောင် ညဏ်ရည်နိမ့်ခြင်း၊
င်ယူနိုင်လောက်အောင် ညဏ်ရည်မထက်မြက်
က်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်း၊
နှေးကွေးခြင်း၊ ပုညက်ခြင်းတို့ ဖြစ်တတ်သည်။
ပ်ပင်းကြီးရောဂါဖြစ်ခြင်း၊ သွက်လက်ဖျတ်လတ်
ိုင်းနှေးကွေးခြင်း၊ မိသားစုစီးပွားရေး၊ ပညာရေး၊
နိမ့်ကျခြင်းတို့ ဖြစ်တတ်သည်။

ဒင်းချို့တဲ့မှုမှ ကာကွယ်ရန်

သက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်
ကျန်းမာရေးဝန်ကြီးဌာန

၅:ဝ၅	အနုပညာမိုးကောင်းကင်
၅:၃ဝ	MRTV-4 ကာတွန်းအစီအစဉ်
၆:ဝဝ	MRTV-4 သတင်း
၆:၂ဝ	ဆန်းသစ်တီထွင် ဒီဇိုင်းဖက်ရှင် (ဒီဇိုင်နာ မပုံ့နှင့်တွေ့ဆုံခြင်း)
၆:၄ဝ	ရန်ကုန်မြင်ကွင်းကျယ် (Carrick Institute of Education ၏ ပညာရေးဟောပြောပွဲ)
၇:ဝဝ	Fashion Music Festival [Pop ကမ်းခြေ(၁)]
၇:၃၅	အလှဆင်စရာ ပရိဘောဂကမ္ဘာ (Inner Space)
၈:ဝဝ	MRTV-4 သတင်း
၈:၃၅	Style ရှိမှ Star ဖြစ်မယ်
၉:၃ဝ	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
၁ဝ:ဝဝ	ဂီတသရုပ်ပြခန်း [တေးသံရှင်ရဲ့တေးလက်ဆောင် (စည်သူလွင်)]
၁ဝ:၂၅	**အောင်မြင်သူတို့ဘဝ ကျော်ကြားသူတို့အတွက်မေမေ** (အပိုင်း-၁)
၁ဝ:၄ဝ	အောင်စကြာ အရှင်စန္ဒသိရီ၏ ဝိဇာတမွေးနေ့ မင်္ဂလာနှင့် ကျောင်းလွှတ်ပူဇာ မင်္ဂလာ
၁ဝ:၅ဝ	မြန်မာ့ရိုးရာ ခြင်းလုံးခတ်ကစားခြင်း
၁၁:၁ဝ	အရသာတူးကဲဆယ်နှစ်ရာသီ ပိန္နဲ
၁၁:၂၅	လေးပါးဆေးအမယ် ပေါင်းစုယူ ဆေးစတုမဂ္ဂ
၁၁:၄၅	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၁:ဝဝ	အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို
န်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်
င်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
န္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်
င်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

■ *ရှေ့ဖုံးမှ*

မြစ်ရေတင်

ဆည်မြောင်းတာတမံများ တည်ဆောက်ကာ ရေသိုလှောင်၍လည်းကောင်း၊ မြေအောက်ရေကို စက်ဖြင့်စုပ်တင်၍လည်းကောင်း၊ အဝီစိတွင်းရေများ တူး၍လည်းကောင်း စိုက်ပျိုးရေရရှိရေး နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်ရာတွင် သဘာဝမြစ်ကြီးများမှ တသွင်သွင် စီးဆင်းလျက်ရှိသော သုံးမကုန်နိုင်သည့် မြစ်ရေများကို သံပိုက်လုံးကြီးများဖြင့် စုပ်ယူတင်ကာ လယ်ယာမြေများသို့ စိုက်ပျိုးရေပေးဝေသည့် မြစ်ရေတင်စီမံကိန်းများလည်း တစ်ခုအပါအဝင်ဖြစ်သည်။

“အင်းတောမြစ်ရေတင် စီမံကိန်းကပေးတဲ့ရေနဲ့ ယာမြေက လယ်မြေအဖြစ် ပြောင်းနေကြပါပြီ”
ဦးတင်အေး
လက်ထောက်ညွှန်ကြားရေးမှူး
မုံရွာခရိုင်
ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန။

“မြစ်ရေတွေ ပေးလို့ စပါးစိုက်လို့ရပြီလေ”
ဦးမြင့်သိန်း(လယ်သမား)
ညောင်ကုန်းကျေးရွာ
ဘုတလင်မြို့နယ်။

ထုတ်လွှတ်ပေး

စစ်ကိုင်းတိုင်း မုံရွာခရိုင် ဘုတလင်မြို့နယ် အင်းတောကျေးရွာအနီးရှိ ဆည်မြောင်းဦးစီးဌာန၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ အင်းတောမြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သို့ ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၁၄ရက်က ရောက်ရှိခဲ့သည်။ အင်းတောမြစ်ရေတင် စီမံကိန်းလုပ်ငန်းခွင်သည် မုံရွာမြို့မြောက်ဘက် ၁၆မိုင်အကွာတွင် တည်ရှိသည်။ “မုံရွာ၊ ဘုတလင်၊ ရေဦးကားလမ်းမှ ခွဲထွက်၍ မြေသားလမ်းအတိုင်း အတွင်းသို့ ၉မိုင်ခန့်ဝင်ရောက်ရသည်။ အင်းတောကျေးရွာအနီး ချင်းတွင်းမြစ်ကမ်းနံဘေးတွင် လုပ်ငန်းခွင်ကို တွေ့ရသည်။ ချင်းတွင်းမြစ်ရေကို အချင်းလက်မ ၃၀ရှိ သံပိုက်လုံးကြီးများဖြင့် စုပ်ယူသယ်တင်ကာ ရေစုကန်အတွင်းမှတစ်ဆင့် အကျယ် ၁၂ပေ၊ အနက် ခြောက်ပေရှိ ပင်မရေလွှတ်မြောင်းမကြီးသို့ ထုတ်လွှတ်ပေးနေသည်ကို တွေ့ခဲ့ရသည်။

ဖြစ်ထွန်းအောင်မြင်

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မုံရွာခရိုင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန၏ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်အေးက “မုံရွာခရိုင် ဘုတလင်မြို့နယ်သည် နှစ်စဉ်ပျမ်းမျှမိုးရေချိန် ၃၂ဒသမ ၃၄လက်မသာ ရွာသွန်းခဲ့ကြောင်း၊ သဲဆန်သောမြေဖြစ်၍ ယခင်က လုံးဝ စပါးစိုက်ပျိုး၍မရခဲ့ကြောင်း၊ မြေအောက်ရေများ ဖော်ထုတ်ဆောင်ရွက်ပေးသောလည်း ခတ်ဆားပျော်ဝင်မှုများသော ရေဖြစ်နေ၍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မအောင်မြင်ခဲ့ကြောင်း၊ အင်းတောမြစ်ရေတင်စီမံကိန်းဖြင့် ချင်းတွင်းမြစ်ရေကို စုပ်ယူတင်ကာ လယ်မြေများသို့ ပေးဝေခဲ့ရာ မြစ်ရေတွင် ပါဝင်သော နုန်းမြေများက လယ်မြေများတွင် တင်ကျန်ပြီး တဖြည်းဖြည်း မြေဆီမြေနှစ်များဖြစ်ကာ စပါးစိုက်ပျိုးနိုင်သည့် လယ်မြေအဖြစ်သို့ ပြောင်းလဲ၍ မိုးစပါး၊ နွေစပါး ဖြစ်ထွန်းအောင်မြင်နေပြီဖြစ်ပါကြောင်း၊ မိုးရာသီမှာပင် မြစ်ရေတင်ပေး၍ စိုက်ပျိုးနေပါကြောင်း၊ ရေကောင်း၍ မြေကောင်းလာခြင်းဖြစ်ကြောင်း၊ အင်းတောမြစ်ရေတင်ဖြင့် ဧက ၃၀၀၀ စပါးစိုက်ရန် လျာထား သတ်မှတ်ခဲ့ရာ တောင်သူလယ်သမားများက ဧက ၃၂၅၀အထိ တိုးတက်စိုက်ပျိုး ထုတ်လုပ်ခဲ့ပါကြောင်း၊ ယခုအခါ စပါးနှင့်အတူ ဆောင်းသီးနှံ၊ ဂျုံ၊ နေကြာ၊ မြေပဲတို့ကိုပါ တောင်သူများ တစ်နှစ်သုံးသီး စိုက်ပျိုးထုတ်လုပ်နိုင်၍ စီးပွားရေး၊ လူမှုရေးပါ တိုးတက်လာနေပြီဖြစ်ကြောင်း” ဖြင့် မြန်မာ့အလင်းသို့ ရှင်းပြသည်။

အင်းတောမြစ်ရေတင်ဖြင့် ပေးသော ရေကို စိုက်ပျိုးရေးအတွက် အသုံးပြုရုံသာမက ဒေသခံ ပြည်သူများနှင့် ပတ်ဝန်းကျင်ကိုပါ အကျိုးပြု တိုးတက်ပြောင်းလဲလာစေခြင်းကို ဆက်လက်ရှင်းပြရာ၌ “ဒေသခံ ကျေးရွာပြည်သူများမှာ သောက်သုံးရေအတွက် မြေအောက်တွင် ရေရှိသော်လည်း ခတ်ဆားပါဝင်မှုရှိနေ၍ မနှစ်သက်ကြဘဲ တင်ပေးသောမြစ်ရေကို ရေပေးမြောင်းထဲမှ ခပ်ယူ သုံးစွဲနေကြကြောင်း၊ ကျွဲ၊ နွား တိရစ္ဆာန်များ သောက်သုံးရေအဖြစ်လည်း သုံးစွဲကြကြောင်း၊ ဆောင်းရာသီမှာပင် ခန်းခြောက်ကုန်သော ကျေးရွာများမှ ရေကန်များသို့လည်း မြစ်ရေကို ဖြည့်တင်းပေးကာ သုံးစွဲစေခြင်းဖြင့် ဒေသခံပြည်သူများကို အကျိုးပြုလျက်ရှိပါကြောင်း၊ ယခင်က အပူရှိန်ကြောင့် ခြောက်သွေ့ခဲ့ရာမှ ယခုအခါ မြစ်ရေတင်စီမံကိန်းကြောင့် သစ်ပင်များ စိမ်းလန်းစိုပြည်လာကာ သားငှက်တိရစ္ဆာန်များလည်း သောက်သုံးရေ ရသဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကိုလည်း အကျိုးပြုပါကြောင်း” ပြောကြားသည်။

အင်းတောမြစ်ရေတင် စီမံကိန်းသည် ချင်းတွင်းမြစ်မှရေကို ရေတင်အဆင့် နှစ်ဆင့်ဖြင့် ရေတင်ပေးရာ ရေတင်အမြင့် ၆၃ပေနှင့် ပေ ၄၀အမြင့်တို့ဖြစ်သည့် ရေပေါ်ရေတင်ကန်သို့ ပို့ပေးပြီး အလျားပေ ၂၂၀၅၀ရှိ ပင်မမြောင်းကြီးသို့ ပို့လွှတ်ပေးသည်။ ပင်မမြောင်းကြီးမှတစ်ဆင့် အလျားပေ ၄၇၃၀၀ရှိ လက်တံမြောင်းများသို့ ခွဲဖြာထွက်ကာ ဘုတလင်မြို့နယ်ရှိ ကျေးရွာအုပ်စု လေးအုပ်စုမှ ကျေးရွာ ၁၄ရွာ၏ လယ်မြေဧက ၆၀၀၀၊ မုံရွာမြို့နယ် ကျေးရွာအုပ်စု သုံးအုပ်စုမှ ကျေးရွာခြောက်ရွာ၏ လယ်မြေဧက ၄၀၀၀သို့ စိုက်ပျိုးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

ဘုတလင်မြို့နယ် အင်းတောကျေးရွာမှအပြန် ညောင်ကုန်းကျေးရွာအရောက် မိုးစပါးရိတ်သိမ်းနေကြသူများနှင့် ခြွေလှေ့စက်ဖြင့် စပါးခြွေလှေ့နေသည့် မြင်ကွင်းကိုတွေ့ရ၍ ကားရပ်ပြီး မေးမြန်းကြည့်မိသည်။

ခြွေလှေ့

တစ်နေရာတွင် အမျိုးသမီးငယ်တစ်စုက စပါးများ ရိတ်သိမ်းနေပြီး လယ်ကွင်း တစ်နေရာတွင် အင်ဂျင်စက်သံ တဂျောင်းဂျောင်းဖြင့် ရိတ်သိမ်းပြီး ကောက်လှိုင်းများကို ခြွေလှေ့စက်ဖြင့် ခြွေလှေ့နေကြသည်။

ဘုတလင်မြို့နယ် ညောင်ကုန်းကျေးရွာမှ လယ်သမား ဦးမြင့်သိန်းအား တွေ့ဆုံမေးမြန်းရာ “အရင်က ဒီမြေမှာ စပါးစိုက်လို့ မရဘူး။ ဂျုံတို့၊ ကုလားပဲတို့ပဲ စိုက်လို့ရတယ်။ အခု မြစ်ရေတွေပေးတော့ စပါးစိုက်လို့ရပြီလေ။ မိုးစပါးလည်း စိုက်တယ်၊ နွေစပါးလည်း စိုက်မယ်၊ ကုလားပဲလည်း စိုက်မယ်၊ သုံးသီးစိုက်မှာပေါ့ဗျာ။ အရင်က စပါးခြွေလှေ့တာ လက်နဲ့ရိုက်ပြီး ခြွေရတယ်၊ အချိန်ကြာတာပေါ့၊ အခုစက်နဲ့ ခြွေတော့မြန်တာပေါ့၊ အခု စက်က ငှားလုပ်တာ၊ နောက်ဆို ကိုယ်ပိုင်ဝယ်တော့မှာ” ဟု ရယ်ရယ်မောမော ပြောပြ၏။

စိုက်ပျိုးရေး

မုံရွာခရိုင်အတွင်း ရေဘုတလင်၊ ညောင်ပင်ကြီး၊ အင်းတောမြစ်ရေတင် စီမံကိန်းကြီး သုံးခုဖြင့် လယ်ယာမြေများသို့ စိုက်ပျိုးရေပေးဝေလျက်ရှိရာ ရေဘုတလင်မြစ်ရေတင်မှ လယ်ယာမြေဧက လေးသောင်း၊ ညောင်ပင်ကြီး မြစ်ရေတင်မှ လယ်မြေဧက တစ်သောင်း၊ အင်းတောမြစ်ရေတင်မှ လယ်မြေဧက တစ်သောင်းတို့အား စိုက်ပျိုးရေပေးဝေလျက်ရှိကြောင်း သိရှိရသည်။ မြစ်ရေတင် အသေးစားဖြစ်သော မုံရွာခရိုင် ချောင်းဦးမြို့နယ်အတွင်း သုံးပန်လှ၊ အမြင့်၊ ပေါက်အင်း၊ တောကျောင်းကြီး မြစ်ရေတင်များဖြင့် လယ်မြေဧက ၁၃၄၅၀ကို စိုက်ပျိုးရေ ပေးဝေလျက်ရှိသည်။ မြစ်ရေတင်စီမံကိန်းများဖြင့် လက်လှမ်းမမီသော ဒေသများတွင် မြေအောက် စက်ရေတွင်း ၁၄၁တွင်း တူးဖော်၍ ယာမြေမှ လယ်မြေပြောင်းကာ မိုးစပါး၊ နွေစပါးနှင့် ဆောင်းသီးနှံများ တစ်နှစ်သုံးသီး စိုက်ပျိုးပြီး မုံရွာခရိုင်အတွင်းရှိ မြို့နယ်များမှ တောင်သူလယ်သမားများ မြေကြီးက ရွှေသီးနေပြီဖြစ်ပါကြောင်း ကွင်းဆင်းလေ့လာရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မုံရွာခရိုင် ဘုတလင်မြို့နယ် ညောင်ကုန်းကျေးရွာမှ အင်းတောမြစ်ရေတင်ရေဖြင့် စိုက်ပျိုးပြီး စပါးများကို ဤသို့ ရိတ်သိမ်းနေကြပြီ။ (မြန်မာ့အလင်း)

ရိတ်သိမ်းပြီး ကောက်လှိုင်းများကို စပါးခြွေလှေ့စက်ဖြင့် ခြွေလှေ့နေကြသည်မှာ....။
(မြန်မာ့အလင်း)

အကျယ် ၁၂ပေ၊ အနက် ခြောက်ပေ၊ အလျားပေ ၂၂၀၅၀ရှိ ပင်မမြောင်းကြီးဖြင့် လယ်ယာမြေဧက ၁၀၀၀၀အတွက် ချင်းတွင်းမြစ်ရေများ ဤသို့ ထုတ်လွှတ်ပေးနေသည်။
(မြန်မာ့အလင်း)

ဘုတလင်မြို့နယ် အင်းတောမြစ်ရေတင် စီမံကိန်းမှ ချင်းတွင်းမြစ်ရေများကို သံပိုက်လုံးကြီးများဖြင့် ပင်မရေမြောင်းမကြီးသို့ ဤသို့ စုပ်တင် ပို့လွှတ်ပေးလျက်ရှိသည်။ (မြန်မာ့အလင်း)

ချင်းတွင်းမြစ်ရေများကို အမြင့် ၆၃ပေရှိ ရေပေါ်ရေတင်ကန်သို့ အချင်းလက်မ ၃၀ရှိ သံပိုက်လုံးကြီးများဖြင့် ဤသို့ ရေတင်ပေးသည်။
(မြန်မာ့အလင်း)

* ရွှေဖုံးမှ

ဒိုးကွင်းခြံ

မြန်မာ့အလင်း သတင်းအဖွဲ့သည် မကြာမီက နိုင်ငံခြားဝင်ငွေရရှိသည့် ဒင်ဒရိုဗီယမ်သစ်ခွများ စိုက်ပျိုး ထုတ်လုပ်လျက်ရှိသော ပြင်ဦးလွင်မြို့အနီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဒိုးကွင်းစိုက်ပျိုးရေးခြံသို့ သွားရောက်စေ့ငုခဲ့သည်။

"ဒင်ဒရိုဗီယမ် သစ်ခွအမျိုးပေါင်း ၅၈မျိုးရှိပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ပြည်နယ်နှင့်တိုင်း ဒေသအသီးသီးရှိ တောကြီးတောင်ပေါ်ဒေသတွေမှာ ဒင်ဒရိုဗီယမ်သစ်ခွတွေ သဘာဝအလျောက် ပေါက်ရောက်လေ့ရှိကြပါတယ်။ ဒါပေမယ့် ဒင်ဒရိုဗီယမ်သစ်ခွတွေကို ပြည်ပသို့ နုတ်ယူတင်ပို့ ရောင်းချမှုများလာတာကြောင့် မျိုးမသုဉ်းစေဖို့ ကျွန်တော်တို့ ဒိုကွင်းစိုက်ပျိုးရေးခြံမှာ ဆေးဖက်ဝင်သစ်ခွစိုက်ပျိုးလိုတဲ့ တောင်သူတွေအတွက် ပျိုးပင်များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချရန်နှင့် စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်ရန် သင်တန်းများပေးလျက်ရှိပါတယ်"ဟု ဒိုးကွင်းစိုက်ပျိုးရေးခြံ မန်နေဂျာ ဦးတင့်လွင်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

လိုက်လံရှင်းပြ

ဆက်လက်၍ ဒိုးကွင်း စိုက်ပျိုးရေးခြံအတွင်း စိုက်ပျိုးထားသော သစ်ခွပင်များနှင့်ပတ်သက်ပြီး ဒုတိယ ခြံမန်နေဂျာ ဦးသိန်းထွန်းက လိုက်လံရှင်းပြပေးသည်။

"ကျွန်တော်တို့ခြံမှာ စိုက်ပျိုးထားတဲ့ ဒင်ဒရိုဗီယမ် မျိုးနွယ်သစ်ခွတွေကတော့ ဒေါင်းမြီးသစ်ခွ၊ စက္ကူပန်းသစ်ခွ၊ အာမဲ လက်တံရှည်၊ ရွှေတူမောက်ခမ်းဝါသစ်ခွ၊ ဆင်မျက်ကွင်း သစ်ခွ၊ မြက်သစ်ခွ၊ ချိုချဉ်သစ်ခွ၊ မြဆစ်ကြိုး သစ်ခွ၊ မဟာဒေဝီ သစ်ခွ၊ ဂနိုင်နံဘေးပေါက်နဲ့ ဝါဆိုပန်းသစ်ခွတွေပဲ ဖြစ်ပါတယ်"ဟု ဦးသိန်းထွန်းက ရှင်းပြသည်။ ဒေါင်းမြီးသစ်ခွမှာ ရှမ်း၊ ကချင်နဲ့ ချင်းပြည်နယ်တွေမှာ ပေါက်ရောက်ပါတယ်။ ဒီဒေါင်းမြီးသစ်ခွပင်စည်ရိုးမှ အားတိုးဆေး၊ အာရုံကြောဆေး ထုတ်လုပ်နိုင်ပါတယ်။ ရွှေတူမောက်ခမ်းဝါသစ်ခွမှ အားတိုးဆေး ထုတ်လုပ်နိုင်ပါတယ်။ အာမဲ လက်တံရှည်မှ သွေးကျဲဆေး၊ အားတိုးဆေး ထုတ်လုပ်နိုင်ပါတယ်။ စက္ကူပန်း သစ်ခွမှာ ရှမ်း၊ ကချင်၊ ကယားပြည်နယ်တွေမှာ ပေါက်ရောက်ပြီး အသည်းဆေးထုတ်လုပ် နိုင်ပါတယ်"ဟု ၎င်းက ဆက်လက် ရှင်းပြသည်။

ဆေးဖက်ဝင်သစ်ခွမျိုးထုတ်ခြင်း

ဆေးဖက်ဝင်သစ်ခွများ စိုက်ပျိုးထုတ်လုပ်လိုသော တောင်သူများအတွက် မျိုးများကို သဘာဝတောတောင်များမှ ရှာဖွေစိုက်ပျိုးနိုင်သော်လည်း ဈေးကွက်ဝယ်လိုအားကောင်းသော သစ်ခွမျိုးများကို စီးပွားဖြစ် စိုက်ပျိုးလိုလျှင် မျိုးရရှိရန် ခဲယဉ်းသည်။ သို့ပါ၍ လိုအပ်သောမျိုးများကို သားတက် ထုတ်လုပ်၍လည်းကောင်း၊ အပင်တစ်သျှူးနည်းဖြင့် လည်းကောင်း ထုတ်လုပ်ပေးနိုင်ကြောင်း သိရသည်။

သားတက်ထုတ်လုပ်ခြင်း

မိခင်အပင်အုံရှိ သားတက်အဟောင်းများကို အပင်ခြေမှ ဖဲ့ယူပြီး မှိုသတ်ဆေးတွင် ၁၀ မိနစ်စိမ်ရမည်ဖြစ်သည်။

မှိုသတ်ဆေးစိမ်ပြီး ရိုးတံများကို အရိပ်မိုးထားသော ဝါးကပ်စင်များတွင် ညီညာစွာ ဖြန့်စီဖို့လိုအပ်သည်။

ရေတစ်ဂါလန်လျှင် B-1 ဆေးရည် စီစီ ၃၀နှုန်းဖြင့် တစ်ပတ်တစ်ကြိမ် ဖျန်းပေးရန် လိုအပ်သည်။

နိုင်ငံခြားဝင်ငွေရသော ဆေးဖက်ဝင် ဒင်ဒရိုဗီယမ် သစ်ခွများကို အပင်များတွင် တွယ်ကပ်၍လည်းဤသို့ စိုက်နိုင်သည်။ (မြန်မာ့အလင်း)

မျိုးကိုလိုက်၍ စိုက်ပျိုးပြီး နှစ်နှစ်၊ သုံးနှစ်အတွင်း ရိတ်သိမ်းနိုင်သည်။

သစ်ခွမျိုးများ ထုတ်လုပ်ရာတွင် သားတက်နည်းအပြင် အပင်တစ်သျှူးနည်းရှိသော်လည်း သားတက်နည်းဖြင့်သာ တောင်သူများထုတ်လုပ်ရန် အကောင်းမွန်ဆုံးဖြစ်သည်။

ရိတ်သိမ်းမှု

ဆေးဖက်ဝင်သစ်ခွများကို ဇန်နဝါရီလမှ မတ်လအထိ မျိုးအလိုက် ရိတ်သိမ်းနိုင်သည်။ ရိတ်သိမ်းရာတွင် အပင်ရင့် ရိုးတံများကို အရင်းမှဖြတ်၍ ဆွတ်ခူးနိုင်သည်။ သားတက်သစ်များမှာ ဈေးကောင်းရသော်လည်း နောက်ထပ် အပင်ပွားစည်းမှု မရှိ၍ အပင်သေသွားနိုင်သဖြင့် မဆွတ်ခူးသင့်ပေ။ ရိတ်သိမ်းဖြတ်ယူပြီး ရိုးတံများကို ရွှေရေးတွင် ၁၅မိနစ်ခန့် စိမ်ပေးကာ ရိုးတံပေါ်ရှိ အရွက်များအမြေးပါးများကို သွားပွတ်တံဖြင့် ပွတ်၍ သန့်စင်ပေးရမည်ဖြစ်သည်။ သန့်စင်ပြီး ရိုးတံများကို နှစ်ရက်ခန့် နေလှန်းပေးခြင်းဖြင့် ရွှေဝါရောင် သစ်ခွများ ရရှိနိုင်မည်ဖြစ်ပါသည်။ နှစ်ရက်ခန့် နေလှန်းပြီး သစ်ခွများကို အပူပေးဖို့အတွက် နှစ်နာရီမှ သုံးနာရီ အခြောက်ခံပြီး အစိုဓာတ် ၁၀ရာခိုင်နှုန်းရှိ ရောင်းတမ်းဝင် သစ်ခွခြောက်များ ရရှိမည်ဖြစ်သည်။ ရရှိလာသော သစ်ခွခြောက်များကို လေလုံပလတ်စတစ်အိတ်ဖြင့် စနစ်တကျ ထုပ်ပိုးကာ ဈေးကွက်သို့ပို့နိုင်သော အဆင့်သို့ ရောက်ရှိမည် ဖြစ်ပါသည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော သစ်ခွခြောက်များကို တရုတ်နိုင်ငံမှ အများဆုံး ဝယ်ယူလျက်ရှိကြောင်း သိရသည်။

ဆေးဖက်ဝင် ဒင်ဒရိုဗီယမ်သစ်ခွများကို ပေါင်စနစ်ဖြင့် ဤသို့ စိုက်ပျိုးနိုင်သည်။ (မြန်မာ့အလင်း)

သားတက်

သစ်ခွရိုးတံများ အစိုဓာတ် လုံလောက်စွာရလျှင် သုံးလအတွင်း ရိုးတံတစ်ချောင်းလျှင် သားတက် အနည်းဆုံး သုံးတက် ထွက်နိုင်သည်။

စိုက်ပျိုးနိုင်

တစ်နှစ်သားရှိသော သားတက်ကို ဖြတ်ယူ၍ အုန်းခွံတွင် သွပ်နန်းကြိုးဖြင့် ထိုး၍စိုက်ပျိုးနိုင်သည်။

သားတက်နှစ်တက် ထွက်လာလျှင် စိုက်ခင်းတွင် စိုက်ပျိုးနိုင်သော အဆင့်သို့ ရောက်ရှိပါသည်။

မျိုးစုဆောင်းခြင်း

ဆေးဖက်ဝင်သစ်ခွများသည် အများအားဖြင့် ဒင်ဒရိုဗီယမ်မျိုးများဖြစ်ပြီး အမျိုးပေါင်း ၅၈မျိုးရှိသည်။ ရောင်းတမ်းမျိုးမှာ ဈေးကွက်အပေါ်မူတည်သည်။ အများအားဖြင့် သဘာဝတောတောင်များမှ အပင်ကျန်စနစ်ဖြင့် ဝယ်ယူခြင်းဖြင့် လည်းကောင်း၊ အပင်တစ်သျှူးပျိုးပင်နှင့် သားတက်ပျိုးပင်များကို ဝယ်ယူခြင်းဖြင့်လည်းကောင်း မျိုးစုဆောင်းနိုင်မည် ဖြစ်သည်။

နိုင်ငံခြားငွေ

သို့ဖြစ်ပေရာ ပြင်ဦးလွင်ကဲ့သို့ အေးမြသော ရာသီဥတုရှိသော ဒေသများမှ တောင်သူများအနေဖြင့် သစ်ခွကို စီးပွားဖြစ် စိုက်ပျိုးထုတ်လုပ်နိုင်ရန်အတွက် နိုင်ငံခြားဝင်ငွေရရှိသော ဆေးဖက်ဝင်သစ်ခွများကို တိုးချဲ့ စိုက်ပျိုးသွားသင့်ပါကြောင်း သတင်းခရီး စေ့ငု တင်ပြလိုက်ရပါကြောင်း။ ။ **(မြန်မာ့အလင်း)**

ပြင်ဦးလွင်မြို့အနီး ဒိုးကွင်း စိုက်ပျိုးရေးခြံ၌ ဒင်ဒရိုဗီယမ် ဆေးဖက်ဝင်သစ်ခွများကို အရိပ်ပြုလုပ်၍ စင်ဖြင့် စိုက်ပျိုးထားသည်ကို ဤသို့ တွေ့ခဲ့ရသည်။ (မြန်မာ့အလင်း)

ကွယ်လွန်သူ သမီးလေး မခိုင်ရွှန်းလဲ့ရည် အသက် (၁၅)နှစ်အား ရည်စူး၍ အမှတ် (၉၈၂) ဇဋိလ(၁)လမ်း ၁၆/၁ရပ်ကွက် သဃ်ာန်းကျွန်းမြို့နယ် ရန်ကုန်မြို့နေ ဦးဌေးအောင်-ဒေါ်ချိုချိုမြင့်တို့က ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရ ဆေးပဒေသာပင် ငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက ဦးမောင်တင် လက်ခံယူစဉ်။ (သံဃာ့ဆေးရုံ)

အုတ်ဖိုမြို့နယ်အသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဇန်နဝါရီ ၆

အုတ်ဖိုမြို့နယ်အသင်း (ရန်ကုန်)၏ (၃၅)ကြိမ်မြောက် သင်းလုံးကျွတ် နှစ်ပတ်လည် အစည်းအဝေးနှင့် အသက်(၇၅)နှစ်အထက် သက်ကြီးပူဇော်ပွဲ၊ ၂၀၀၉ခုနှစ် ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ဂုဏ်ထူးနှင့် အောင်မြင်သူ အသင်းဝင်များ၏ သားသမီးများအား ဂုဏ်ပြုပွဲကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၇ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် စမ်းချောင်းမြို့နယ် ဗားကရာလမ်း ကိုးထပ်ကြီးဘုရားဝင်းအတွင်းရှိ သင်္ဃိသုခ ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ ပူဇော်ကန်တော့ခံ သက်ကြီးပုဂ္ဂိုလ်များနှင့် ၂၀၀၉ခုနှစ် ပညာသင်နှစ် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများ အမှတ်စာရင်းနှင့်တကွ ဦးသန်းထွေး ဖုန်း-၆၅၀၁၉၇၊ ဦးတင်ညို ဖုန်း-၂၁၄၅၉၀၊ ဦးပေါ်အေး ဖုန်း-၅၅၅၈၉၅၊ ဦးအေးမြင့် ဖုန်း-၅၆၂၀၃၀၊ ဦးတင်မောင်ညွှန့် ဖုန်း-၀၉-၈၆-၁၈၃၀၅၊ ဦးတင်ရှိန် ဖုန်း-၀၉-၅၀-၄၃၂၇၂၊ ဦးခင်မောင်ဇော်ဖုန်း-၆၆၂၅၀၇၊ ဒေါ်မြမြ ဖုန်း-၆၄၄၇၄၀နှင့် ဒေါ်အေးငြိမ်း ဖုန်း-၅၆၃၃၈၅တို့သို့ ဆက်သွယ်စုံစမ်းပေးပို့ကြရန်နှင့် ရန်ကုန်ရောက် အုတ်ဖိုမြို့နယ်သူ မြို့နယ် သားများ အသင်းဝင်ပြီးဖြစ်စေ၊ မဝင်ရသူများဖြစ်စေ အစည်းအဝေးသို့ တက်ရောက်ကြရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၅ရက်က နေပြည်တော်တပ်ကုန်းမြို့ အထက(၁) ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဘက်စုံထူးချွန်ဆုများချီးမြှင့်ပွဲကို ဇရာဝတီဆောင်၌ ကျင်းပရာ ကျောင်းတွင်းထူးချွန်၊ မြို့နယ်ထူးချွန်၊ နေပြည်တော်/တိုင်းထူးချွန် စုစုပေါင်း ၁၆ဆု ရရှိခဲ့သော ပဋ္ဌမတန်းကျောင်းသူ မသီရိအား ကျောင်းအကျိုးဆောင်အဖွဲ့ နာယက ဦးတင်ဝင်းက ဆုချီးမြှင့်စဉ်။ (၀၉၁)

မိခင်နှင့်ကလေး သေဆုံးမှု လျော့နည်းကျဆင်းရေးညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်အနောက်ပိုင်းခရိုင် ကြည့်မြင်တိုင်မြို့နယ် ကျန်းမာရေးကော်မတီမှ ကြီးမှူးပြီး ထောင်စုနှစ် ဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များ အောင်မြင်ရေးအတွက် မိခင်နှင့် ကလေးသေဆုံးမှု လျော့နည်းကျဆင်းရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၉ ရက်က အထက(၁) ကြည့်မြင်တိုင် မြဝတ်ရည်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဦးက မြို့နယ်တွင်း မိခင်နှင့် ကလေး သေဆုံးမှု လျော့နည်းကျဆင်းရေး ဝိုင်းဝန်းဆောင်ရွက်ကြရန် မြို့နယ်/ရပ်ကွက် ကျန်းမာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများကပါ ကျန်းမာရေး အသိပညာပေးမှုများကို အမျိုးသားရေး တာဝန်အဖြစ် လှုပ်ရှားပေးကြရန် ရှင်းလင်းဆွေးနွေးပြီး မြို့နယ် ကျန်းမာရေး ဦးစီးမှူး ဒေါက်တာ မြမြသွယ်က ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့ပြင် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း အတွင်းရေးမှူး ဒေါက်တာသန်းသန်းနွယ်၊ သားဖွားဆရာမ ဒေါ်ခင်မြအိတို့က ပြန်လည်ဆွေးနွေးကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မြို့နယ်မိခင်နှင့်ကလေး သားဖွားခန်းအတွက် ဒေါက်တာထွန်းထွန်းကျော်၊ ဒေါ်သက်မာထွေးတို့က စုစုပေါင်း ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဆေးခန်းသုံးပစ္စည်းများကို မြို့နယ်ဥက္ကဋ္ဌသို့ ပေးအပ်လှူဒါန်းခဲ့သည်။

တက်ရောက်

ထို့နောက် အသိပညာပေးဆွေးနွေးပွဲသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ရပ်ကွက်ကျန်းမာရေး ကော်မတီဝင်များ၊ အရန်သားဖွားဆရာမများနှင့် အရပ်လက်သည်များ တက်ရောက်ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

(၅၆)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို)၏ (၅၆)ကြိမ်မြောက် မြန်မာနိုင်ငံဆရာဝန်ညီလာခံကို ဇန်နဝါရီ ၂၀ရက်မှ ၂၆ရက်အထိ ရန်ကုန်မြို့ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ ညီလာခံသို့ တက်ရောက်မည့်သူများသည် ဇန်နဝါရီ ၁၆ရက် (စနေနေ့)မှ စတင်၍ နံနက် ၁၀နာရီမှ မွန်းလွဲ ၂နာရီအထိ မြန်မာနိုင်ငံဆရာဝန်အသင်း၌ ရာသက်ပန်အသင်းဝင်များအတွက် မှတ်ပုံတင်ကြေး ငွေကျပ် ၁၅၀၀၀၊ ရာသက်ပန် အသင်းဝင် မဟုတ်သူများအတွက် အသင်းဝင်ကြေးနှင့် မှတ်ပုံတင်ကြေး ငွေကျပ် ၂၅၀၀၀ ဖြင့် မှတ်ပုံတင်၍ စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။ ***(သတင်းစဉ်)***

ထိပ်ဆုံးက ရတနာပုံကို ဖိအားပေးခဲ့တဲ့ ဒဲလ်တာယူနိုက်တက်ရဲ့ နိုင်ပွဲ

➢ သတင်းမြင်ကွင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင် ➢ စာမျက်နှာဖွဲ့စည်းမှု-ဝင့်မာသွင်(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၆

MNL အမှတ်ပေး ဘောလုံးပြိုင်ပွဲ ဒုတိယအကျော့ပွဲစဉ် (၄၉)ကို ယနေ့ ညနေ ၄နာရီက သုဝဏ္ဏကွင်း၌ ကျင်းပရာ ဒဲလ်တာယူနိုက်တက်အသင်းက ဆောက်သမ်း မြန်မာအသင်းကို တစ်ဂိုး-ဂိုးမရှိနဲ့ အနိုင်ရရှိသွားပါတယ်။

ဒဲလ်တာယူနိုက်တက် - တစ်ဂိုး
ဆောက်သမ်းမြန်မာ - ဂိုးမရှိ

ရန်ကုန်ယူနိုက်တက်နဲ့ ပွဲကတည်းက ထိပ်ဆုံးက ရတနာပုံနဲ့ အမှတ်တူဖို့ အခွင့် အရေးကို အရမယူနိုင်ခဲ့ဘဲ ဒဲလ်တာယူနိုက် တက်အသင်းဟာ အခုပွဲမှာတော့ နိုင်ပွဲ ပြန်လည်ရရှိခဲ့ပါတယ်။ အခုပွဲ အနိုင်ရရှိ ခဲ့လို့ ဒဲလ်တာယူနိုက်တက်အသင်းဟာ ထိပ်ဆုံးက ရတနာပုံအသင်းနဲ့ အမှတ်တူသွားပြီး ချန်ပီယံဆုအတွက် မျှော်လင့်ချက်တွေ ဆက်လက် ရှင်သန်နေခဲ့ပါတယ်။ ဒဲလ်တာယူနိုက်တက်အသင်းဟာ ဉဿာယူနိုက်တက်အသင်းနဲ့ တစ်ပွဲတည်း ကစားဖို့ ကျန်တော့ပြီး ရတနာပုံအသင်းကတော့ ချန်ပီယံဆုမျှော်လင့်နိုင်တဲ့ ကမ္ဘောဇအသင်း၊ ရန်ကုန်ယူနိုက်တက်အသင်းတို့နဲ့ ကစားဖို့ ကျန်ပါသေးတယ်။ ရတနာပုံအသင်းဟာ ဒဲလ်တာယူနိုက်တက်ထက် တစ်ပွဲလျော့နေသလို ဂိုးကွာခြားချက်ကလည်း အသာရနေတာကြောင့် ထိပ်ဆုံးမှာ ဆက်လက်ရပ်တည်လျက်ရှိပြီး ချန်ပီယံဆုအတွက် လက်ကျန်ပွဲတွေက အရေးပါလာတော့မှာ ဖြစ်ပါတယ်။

ခေါင်း ချင်း ယှဉ် တိုက်

ဆောက်သမ်းမှ တင့်နိုင်ထွန်းသိန်းနှင့် ဒဲလ်တာမှ ဂျိမ်းစ်တို့ ခေါင်းချင်းယှဉ် အတိုက်။
(မြန်မာ့အလင်း)

ခက်ခက်ခဲခဲကစား

ဒဲလ်တာယူနိုက်တက်အသင်းအတွက် အရေးပါတဲ့ ပွဲစဉ်ဖြစ်ပေမယ့် အမာခံကစားသမားငါးဦး ဒဏ်ရာပြဿနာနဲ့ ကြုံတွေ့နေရတာကြောင့် အကောင်းဆုံးပုံစံတော့ မရပါဘူး။ ရှေ့တန်းမှာ စတန်လေတစ်ယောက်တည်းနဲ့ အလုပ်မဖြစ်ခဲ့ဘဲ ဂိုးရဖို့ ရုန်းကန်ခဲ့ရပါတယ်။ ဆောက်သမ်းမြန်မာအသင်းရဲ့ ကစားပုံကောင်းတာကြောင့်လည်း ဒဲလ်တာယူနိုက်တက်အသင်း ခက်ခက်ခဲခဲ ကစားခဲ့ရပါတယ်။

သွင်းယူ

ဒဲလ်တာယူနိုက်တက်အသင်းအတွက် အမှတ်ပြည့်ရမယ့် အနိုင်ဂိုးကိုတော့ ၆၁မိနစ်မှာ နောက်ခံလူ ချမ်းချမ်းက ကန်သွင်း ယူပေးခဲ့ပါတယ်။

ကြုံတွေ့

ရတနာပုံနဲ့ မကွေးအသင်းတို့ကို သရေကစားထားတဲ့ ဆောက်သမ်းမြန်မာအသင်းဟာ အခုပွဲမှာလည်း ဒဲလ်တာယူနိုက်တက်အသင်းကို အခက်တွေ့အောင် လုပ်နိုင်ခဲ့ပြီး အဆုံးသတ် မသေချာလို့သာ ဂိုးမရခဲ့တာ ဖြစ်ပါတယ်။ ပထမပိုင်းမှာ ရတဲ့အခွင့်အရေးတွေကို အသုံးမချနိုင်ခဲ့ဘဲ ဒုတိယပိုင်းမှာပေးလိုက်ရတဲ့ ဂိုးကြောင့် ဆောက်သမ်းနည်းပြသစ် ဘင်ဝေါလ်ဒန် ပထမဦးဆုံး ရှုံးပွဲကြုံတွေ့ခဲ့ရတာပါ။ ။

ယနေ့ပွဲ

ရန်ကုန်ယူနိုက်တက်-
ဉဿာယူနိုက်တက်
(မြန်မာ့အလင်း)

သက်တော်ရာပြည့် ဂုဏ်ပြုပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

နိုင်ငံတော်သြဝါဒါစရိယ ကရင်ပြည်နယ် ဘားအံမြို့ မဲဘောင်ကျောင်းတိုက် ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဣန္ဒြိယ၏ သက်တော် ရာပြည့် ဂုဏ်ပြုပူဇော်ပွဲအထိမ်းအမှတ် အခမ်းအနားကို မတ် ၂၉ရက် (၁၃၇၁ ခု တန်ခူးလပြည့်ကျော်) (တနင်္လာနေ့)မွန်းလွဲ ၁နာရီတွင် ဖွင့်လှစ်မည်ဖြစ်ပြီး မတ် ၂၀ရက် (၁၃၇၁ခု တန်ခူးလဆန်း ၆ရက်) မှစတင်၍ တရားပွဲများ ကျင်းပမည်ဖြစ်သည်။

အခမ်းအနားသို့ ရပ်ဝေးရပ်နီးအသီးသီးမှ ဆရာတော်ကြီး၏ တပည့် ဒါယကာ၊ ဒါယိကာမများ တက်ရောက် ဂုဏ်ပြုပူဇော်ကြရန် မဲဘောင်ကျောင်း ရာပြည့်ဂုဏ်ပြုပူဇော်ပွဲကော်မတီက ပင့်လျှောက်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၇၁ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ ရက်
(ဥပုသ်နေ့)
၇-၁-၂၀၁၀
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အင်္ဂဇယမင်္ဂလံ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချို့အေးမင်္ဂလာတေး
၇း၅၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၀၅	၇။	**ပျော်ရွှင်ကျန်းမာ သန့်စင်သောအစာ**
၈း၁၀	၈။	အတီးပြိုင်ပွဲ
၈း၂၅	၉။	သီးနှံစိုက်စွမ်းအား မြင့်မားစေမှု အထောက်အကူပြုမည့် မဒန်းရေလှောင်တမံ
၈း၄၀	၁၀။	International News
၈း၅၀	၁၁။	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊စစ်သည်တေး
၄း၁၀	၂။	အဆိုပြိုင်ပွဲ
၄း၂၀	၃။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀	၄။	တေးဂီတအစီအစဉ်
၄း၄၅	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ပထဝီဝင်အထူးပြု) (ပထဝီဝင်)
၅း၀၀	၆။	မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅း၁၀	၇။	အကပဒေသာ
၅း၂၀	၈။	**ရတနာစုံညီ နေပြည်တော်ဆီ**
၅း၃၅	၉။	ရုပ်မြင်ရသတေးစုကဏ္ဍ
၅း၄၅	၁၀။	**လေ့လာစရာစုံလင်စွာ ကျောက်ဖြစ်၊ အင်ကြင်းလိပ်ပြာ ကမ္ဘာ**
၆း၀၀	၁၁။	ညနေခင်းသတင်း
၆း၁၅	၁၂။	မိုးလေဝသအခြေအနေ
၆း၂၀	၁၃။	ပျော်ရွှင်စေသော နေ့ရက်များ **ဈေးသည်** (အပိုင်း-၇) သရုပ်ဆောင်-မိုးမိုး၊ သဇင် (ဒါရိုက်တာ-အောင်ကျော်သူရ)
၆း၄၀	၁၄။	ထူးဆန်းထွေလာများကို သိပ္ပံဖြင့် ချဉ်းကပ်ခြင်း
၇း၀၀	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ **မေတ္တာလောင်းရိပ်** (အပိုင်း-၂၇)
၈း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **ကိုယ်ရံတော်** (အပိုင်း-၆)
	၂၀။	နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်တေးသံသာ** (အပိုင်း-၁၀)
	၂၁။	မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
	၂၂။	အစီအစဉ်ပြီး၏။

နတ်မောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ မြို့တွင်းလမ်းလယ်ကျွန်းနှင့် မြေယာရှုခင်းအလှ ဆောင်ရွက်ထားရှိမှု အခြေအနေကို မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးဝင်းနိုင်က ဆောင်ရွက်ထားရှိမှု အခြေအနေကို ရှင်းလင်းတင်ပြစဉ်။
(မြို့နယ်စည်ပင်)

မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

*မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် **Han Golf Master Pte., Ltd.** တို့မှ ပူးပေါင်းစီစဉ်ကျင်းပသော **Han Golf Master** မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၁၄ရက်နှင့် ၁၅ရက်များတွင် မြန်မာဂေါက်ကွင်း (၉)မိုင် ရန်ကုန်မြို့၌ ကျင်းပမည်ဖြစ်သည်။*

အဆိုပါပြိုင်ပွဲတွင် အမျိုးသား အသက် (၁၀-၁၂)နှစ်၊ (၁၃-၁၅)နှစ်၊ (၁၆-၂၀) နှင့် အမျိုးသမီး အသက် (၁၀-၁၈)နှစ် ပြိုင်ပွဲများ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင်လိုသူများသည် ဇန်နဝါရီ ၁၂ရက် ညနေ ၅နာရီ နောက်ဆုံးထားပြီး ပြိုင်ပွဲဝင်ကြေး ငွေကျပ် ၄၀၀၀နှင့်အတူ မြန်မာဂေါက်ကွင်း (၉)မိုင်နှင့် မြန်မာလေ့ကျင့်ရေးဂေါက်ကွင်း တို့သို့ စာရင်းပေးသွင်းရမည်ဖြစ်သည်။ အသေးစိတ်အချက်အလက်များကို တယ်လီဖုန်း နံပါတ် ၀၉-၅၁-၇၇၉၅၆နှင့် ၀၁-၆၅၅၈၄၄တို့သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

ပံ့ပိုး

*ပြိုင်ပွဲကို **Main Sponser** အဖြစ် **Han Golf Master Pte., Ltd, Co-Sponser** များအဖြစ် မြန်မာဂေါက်ကွင်း(၉)မိုင်၊ **GP Watch , Nivea, Royal Furniture, Grand Royal Premium** သောက်ရေသန့်နှင့် အာရှအချိုရည်တို့က ထပ်မံကူညီပံ့ပိုးကြောင်း သိရသည်။* *(မြန်မာ့အလင်း)*

LUCKY BIRD ၏ ၂၀၀၉ခုနှစ် ကံထူးရှင်များရွေးချယ်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

TOSHIBA Corporation က နှစ်စဉ်ချီးမြှင့်သော စွမ်းဆောင်ရည်များနှင့် ဝန်ဆောင်မှုအကောင်းဆုံး Authorized Distributor များကို Region အလိုက် ရွေးချယ်ရာ အာရှပစိဖိတ်ဒေသ Region အုပ်စု(ခ)နိုင်ငံများအတွင်း မြန်မာနိုင်ငံမှ TOSHIBA Notebook Authorized Sales & Service Provider ဖြစ်သော LUCKY BIRD Trading Co., Ltd. က ရွှေတံဆိပ် "Gold" Award ဆုရရှိခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပွဲနှင့် ၂၀၀၉ခုနှစ် ကံထူးရှင် ရွေးချယ်ပွဲများကို ဒီဇင်ဘာ၃၀ရက် မွန်းလွဲ၂နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနား ဟိုတယ်၌ ကျင်းပသည်။ **(အောက်ပုံ)**

ဖွင့်လှစ်ပေး

ရှေးဦးစွာ LUCKY BIRD Trading Co., Ltd. ဒါရိုက်တာ ဒေါ်မေဖြူသွယ်က အမှာစကား ပြောကြားပြီး TOSHIBA Service မန်နေဂျာ ဦးနေသူရက LUCKY BIRD Trading Co., Ltd. မှ TOSHIBA Notebook များကို နိုင်ငံတကာ စံချိန်စံညွှန်းများအတိုင်း ပြုပြင်ပေးခြင်း၊ လဲလှယ်ပေးခြင်းများ၊ International Warranty အပြည့်အဝဖြင့် အကောင်းဆုံး ဝန်ဆောင်မှုပေးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ပုံ အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် LUCKY BIRD Trading Co., Ltd. ၏ အရောင်းဆိုင်ခွဲများဖြစ်သည့် နေပြည်တော်နှင့် ရန်ကုန်၊ မန္တလေးမြို့များတွင် ၂၀၀၉ခုနှစ်အတွင်း ငွေကျပ် သုံးသိန်းအထက် ဝယ်ယူသူများနှင့် LUCKY BIRD Show Room များတွင် ဝင်ရောက် လေ့လာသူများအား ကံထူးရှင် ရွေးချယ်၍ ကံစမ်းမဲများကို ဖွင့်လှစ်ပေးသည်။

သက်တမ်းတိုးမြှင့်နိုင်

LUCKY BIRD Trading Co., Ltd. အရောင်းဆိုင်များဖြစ်သော အမှတ်(၁၅၅) သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၉၉၀၁၁၊ ၂၄၈၁၆၇ နှင့် ၃၇၉၈၇၅၊ အနောက်မြောက်ပိုင်း Show Room သပြေကုန်းဈေး(နေပြည်တော်) ဖုန်း-၀၆၇-၄၁၄၁၁၃၊ အမှတ်၅/၂၆လမ်း ၇၈လမ်းနှင့် ၇၉လမ်းကြား မန္တလေးမြို့ ဖုန်း-၀၂-၂၁၅၇၂ အမှတ် ည/၄၀၅ ညောင်ပင်သာလမ်း ညောင်ဖြူစခန်းရပ် တောင်ကြီးမြို့ ဖုန်း-၀၉-၂၀-၀၄၉၁၇နှင့်၀၈၁-၂၄၀၃၀တို့တွင် TOSHIBA Notebook သုံးစွဲသူများအား ၂၄နာရီ Online မှတစ်ဆင့် ဖုန်းဖြင့် ပြန်လည် ဖြေကြားပေးသော Talk-to - Toshiba အစီအစဉ်ဖြင့် Service ပေးလျက်ရှိရာ www. toshiba-asia. com သို့ ဝင်ရောက်ကြည့်ရှုနိုင်သည့်အပြင် Toshiba က Warranty သက်တမ်းတိုးမြှင့်ခြင်း အစီအစဉ်ဖြစ်သော Select Serve Program ဖြင့် မိမိ၏ TOSHIBA Notebookများကို သုံးနှစ်အထိ (Part & Service) သက်တမ်းတိုးမြှင့်နိုင်ကြောင်း သိရသည်။
(သတင်းစဉ်)

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၌ ဟောပြောပွဲများ ဆက်လက်ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းစီစဉ်မှု Yuzana Group ၏ ပံ့ပိုးကူညီမှုဖြင့် ဇန်နဝါရီ ၉ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရန်ကုန်တိုင်းအင်းစိန်မြို့နယ် အနောက်ကြို့ကုန်း ဘုရင့်နောင်လမ်းမကြီးရှိ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် သီရိအဏ္ဏဝါခန်းမ၌ ဒေါက်တာထွန်းလွင် (မိုး/ဇလ ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ စာရေးဆရာမ ဂျူးနှင့် သစ်တောသယံဇာတ ပတ်ဝန်းကျင် ဖွံ့ဖြိုးတိုးတက်ရေးအသင်း (FREDA) ဒုတိယဥက္ကဋ္ဌ ဦးအုန်းတို့ ဦးဆောင် ဆွေးနွေးမည်ဖြစ်ပြီး ဦးဝင်းမျိုးသူ (Ecodev)က Facilitator အဖြစ် ဆောင်ရွက်ကာ "ရာသီဥတု ပြောင်းလဲခြင်းနှင့် လူသားတိုင်း၏ တာဝန်"(Global Climate change & our responsibilities) ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေး မည်ဖြစ်၍ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

✻ ကျောဖုံးမှ

အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။ ယင်းနောက် တိုင်းမှူးက ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ကမ္ပည်းကျောက်စာတိုင်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးကြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် ဇောဓိတထောင်ရေလှောင်တမံမှခ်ဦးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ရေလှောင်တမံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့အား ဇောဓိတထောင်ရေလှောင်တမံ ရှင်းလင်းဆောင်၌ တာဝန်ရှိသူတစ်ဦးက ရေလှောင်တမံတည်ဆောက်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက ဖြည့်စွက်ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။
(သတင်းစဉ်)

လှိုင်သင်း၏ ကမ္ဘာကျော် အဆောက်အအုံများနှင့် တည်ဆောက်သူများစာအုပ် တတိယအကြိမ် ထွက်ရှိ

ရန်ကုန် ဇန်နဝါရီ ၆

စာရေးဆရာ လှိုင်သင်း၏ ကမ္ဘာကျော် အဆောက်အအုံများနှင့် တည်ဆောက်သူများ စာအုပ်ကို တတိယအကြိမ်အဖြစ် ပါရမီစာပေ အမှတ်(၂၃၀) ၂၉လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၃၂၄၆က တာဝန်ယူထုတ်ဝေဖြန့်ချိလိုက်ကြောင်း သတင်းရရှိသည်။

(အပေါ်ပုံ) (သတင်းစဉ်)

မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်နှင့် T.T.O Trading Co.,Ltd. တို့ ပူးပေါင်းစီစဉ်မှုဖြင့် Denk Pharma Cup -တတိယအကြိမ် သက်ငယ်တန်း တံခွန်စိုက်ရေကူးပြိုင်ပွဲကို ဇန်နဝါရီ ၄ရက်က ရန်ကုန်မြို့ အမျိုးသားရေကူးကန်၌ ကျင်းပရာ T.T.O Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဦးထွန်းထွန်းဦး ဆုကြေးငွေများ ပေးအပ်ချီးမြှင့်စဉ်။ **(သတင်းဖော်ပြပြီး)** (မြန်မာ့အလင်း)

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ် ၆၅၊ သုခလမ်း၊ ကျောက်မြောင်းနေ
ဦးတင့်လွင်(လ/ထညွှန်ကြားရေးမှူး-သစ်တောဦးစီးဌာန၊ တောင်ငူ)-ဒေါ်ယဉ်ယဉ်ထူးတို့၏သား

မောင်ရဲလွင်ထူး

B.C.Sc(UCSY)
Diploma in Communication Automation & Electronics
(Republic Polytechnic,Singapore)

နှင့်

ရန်ကုန်မြို့၊ အမှတ် ၄၆၊ ၄လမ်း၊ လမ်းမတော်မြို့နယ်နေ
(ဒေါက်တာမျိုးမင်း)-ဒေါ်အေးအေးမာ(လ/ထညွှန်မှူး-မွေးကုဦးစီးဌာန၊ ဟသ်ာတ)တို့၏သမီးကြီး

မဇင်မာမျိုး

B.C.Tech (UCSY)
Diploma in Information Technology
(Republic Polytechnic, Singapore)

တို့သည် နှစ်ဖက်သောမိဘများ၏ သဘောတူညီမှုဖြင့် ၂-၁-၂၀၁၀ရက်တွင် စင်ကာပူနိုင်ငံတရားရုံး၌ လက်မှတ်ရေးထိုးပြီး ဖြစ်ပါကြောင်း။ **နှစ်ဖက်သောမိဘများနှင့် မောင်ရဲလွင်ထူး-မဇင်မာမျိုး။**

မွေးနေ့ဆုတောင်း

ဇန်နဝါရီ၇ရက်တွင် ကျရောက်သော **ဖေဖေဦးမျိုးစန်း** (မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း)၏ မွေးနေ့မှသည် နှစ်ပေါင်းများစွာတိုင်အောင် သမီးတို့နှင့်အတူ ဘဝခရီးကို ပျော်ရွှင်စွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်-

ချစ်သမီးကြီး - ရွှန်းသီရိဝင်း
[Grade-6၊ အထက(၄)၊ အလုံ]
ချစ်သမီးငယ် - အေးသဒ္ဒါမွန်
[Grade-3၊ အထက(၄)၊ အလုံ]။

မွေးနေ့မင်္ဂလာဆုတောင်းလွှာ
ဒုတိယပိုလ်မှူးကြီး ဝင်းမောင်သိန်း
(တပ်မတော်-လေ)

ယနေ့ (၇-၁-၂၀၁၀)ရက် နှစ်(၄၀)ပြည့်မွေးနေ့မှ နှစ်(၁၂၀)တိုင် ကိုယ်စိတ်နှစ်ဖြာ၊ ကျန်းမာ၊ ချမ်းသာ၍ မေမေ၊ ညီမလေး၊ နိုင်ငံအတွက် ဂုဏ်ယူအားထားရသော သားကောင်းရတနာဖြစ်ပြီး မိသားစုပျော်ရွှင်ချမ်းမြေ့ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် —

ချစ်မေမေ - ဒေါ်ခင်ဝင်းကြည်
ချစ်ညီမလေး - မအေးအေးသိန်း-မောင်အောင်ကျော်မင်း
ချစ်တူလေး - မောင်ကောင်းမင်းခန့်(ခ)ဖိုးသား။

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

ကျန်းမာရေးဦးစီးဌာန၊ ဗဟိုဆေးသိုလှောင်ရေးဌာနသည် ဆေးရုံသုံးစက်ကိရိယာများကို ဝယ်ယူလိုပါသဖြင့် ချိပ်ပိတ်တင်ဒါများကို တင်သွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပုံစံများကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေးဌာန၊ ရုံးခန်း၊ အမှတ် ၅၇၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်တွင် ၁၅-၁-၂၀၁၀ရက်မှစ၍ ရုံးချိန်အတွင်း ရယူနိုင်ပါသည်။

ချိပ်ပိတ်တင်ဒါများကို ဒုတိယညွှန်ကြားရေးမှူး(ဆေးပစ္စည်း)၊ ဗဟိုဆေးသိုလှောင်ရေး ဌာနရုံးခန်းသို့ ၅-၂-၂၀၁၀ရက် မွန်းလွဲ ၂နာရီထက်နောက်မကျစေဘဲ တင်သွင်းရမည်ဖြစ်ပြီး နောက်ကျတင်သွင်းလာသော ချိပ်ပိတ်တင်ဒါများကို လက်ခံမည်မဟုတ်ပါ။

အသေးစိတ်အချက်အလက်များကို ဒုတိယညွှန်ကြားရေးမှူး (ဆေးပစ္စည်း) ဖုန်း-၃၇၁၂၈၄၊ ၃၇၁၉၆၉၊ ၃၇၂၃၆၂တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗဟိုဆေးသိုလှောင်ရေးဌာန
ကျန်းမာရေးဦးစီးဌာန



စာကိုရဲသန်း ၁၂/အစန(နိုင်)၁၃၂၂၃၀နှင့် အများသိစေရန်

ကျွန်တော်သည် ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ ပဒေသာလမ်းနေ စာကိုရဲသန်း ၁၂/အစန(နိုင်)၁၃၂၂၃၀အား ၃-၃-၁၉၇၅ရက်တွင် ကျွန်တော့်အမည်နှင့် ဝယ်ယူထားသော ဖော့ကန်ရပ်ကွက်၊ ပဒေသာလမ်းရှိ (က/၇၁)မြေကွက်နှင့်ပတ်သက်၍လည်းကောင်း၊ ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီ စာချုပ်စာတမ်းရုံးတွင် စာချုပ်အမှတ်B(VI)-၁၈၆/၂၀၀၅ဖြင့် ၆-၁၂-၂၀၀၅ရက်တွင် လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာကို ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ပါကြောင်း စာကိုရဲသန်းနှင့်အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမျိုးချစ်
၁၂/အစန(နိုင်)၀၇၄၆၀၃
အမှတ်၁၂၈၊ မင်းကြီးလမ်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်း။

ကျေးဇူးဆပ်ပါမည်

၄-၁-၂၀၁၀ရက်တွင် ရန်ကုန်မြို့အတွင်းခရီးသွားစဉ် အငှားယာဉ်(Taxi)ပေါ်တွင် CANON-REBEL XT EOS အမျိုးအစားကင်မရာ မေ့ကျန်ခဲ့သောကြောင့် လက်ဝယ်ရရှိထားသူ အမြန်ဆက်သွယ်ပေးပါရန် မေတ္တာရပ်ခံပါသည်။ ထိုက်ထိုက်တန်တန် ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်-
ဖုန်း-၀၉-၈၆-၄၀၉၀၇၊
၀၉-၅၀-၃၆၀၆၇၊ ၀၁-၂၄၅၃၉၂။

သမီးအဖြစ်မှစွန့်လွှတ်ခြင်း

ဒဂုံ(အရှေ့ပိုင်း) မြို့နယ်နေ ကျွန်တော်၏သမီး မချယ်ရီဝင်း ၁၂/အစန(နိုင်)၁၄၃၂၂၅သည် မိဘအား စိတ်ဆင်းရဲအောင် ပြုလုပ်ပါသဖြင့် သမီးအဖြစ်မှ စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သော ကိစ္စများကို လုံးဝ တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

ဦးထူး။

အမည်ပြောင်း

အထက(၁)၊သဃ်န်းကျွန်း၊ နဝမတန်း(F)မှ မောင်စိုးမင်းပိုင်အား မောင်ပြည့်ပိုင်ဟုလည်းကောင်း၊ ဖခင်အမည်ကို ဦးစန်းမောင်ဝင်းမှ ဦးစိုးမင်းဦးဟု ပြောင်းလဲခေါ်ပါရန်။

အမှတ်(၁)စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် မရမ်းကုန်း၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

အမှတ်(၁) စက်မှုဝန်ကြီးဌာန အထူးဈေးရောင်းပွဲတော် မရမ်းကုန်းဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ၅ရက် နံနက်၈နာရီက မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းမုခ်ဦး၌ ကျင်းပရာ အခမ်းအနားတွင် ရန်ကုန်တိုင်း စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန တိုင်းဦးစီးဌာနမှူး ဦးကျော်ဝင်းနှင့် စက်ရုံမှူးများ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းမှ စက်ရုံမှူး ဦးခင်မောင်နှင့် ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးဟန်**(ဝဲပုံ)** တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဝယ်ယူနိုင်

အဆိုပါ အထူးဈေးရောင်းပွဲတော်တွင် မြန်မာ့အထည်အလိပ်လုပ်ငန်း၊ မြန်မာ့စက္ကူနှင့်ဓာတုဗေဒလုပ်ငန်း၊ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၊ မြန်မာ့စားသောက်ကုန်လုပ်ငန်းနှင့် မြန်မာ့အိမ်သုံးပစ္စည်းနှင့် ဆေးဝါးလုပ်ငန်းများမှထွက်ရှိသော ထုတ်ကုန်ပစ္စည်းများကို ဇန်နဝါရီ ၅ရက်မှ ၁၁ရက်အထိ နံနက် ၈နာရီမှ ည ၈နာရီအတွင်း လွတ်လပ်စွာ ဝယ်ယူနိုင်ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လွတ်လပ်ရေးနေ့ ဂုဏ်ပြုဟောပြောပွဲ အင်းစိန်မြို့နယ်၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ ပူးပေါင်း၍ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဟောပြောပွဲကို ဒီဇင်ဘာ ၃၁ ရက်နံနက် ၈နာရီခွဲက အင်းစိန်မြို့နယ် အထက(၁) ကျောင်းခန်းမ၌ကျင်းပသည်။

ဟောပြော

အခမ်းအနားတွင် ပညာရေးမှူး ဦးမျိုးဆွေက အမှာစကား ပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူက “အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး” ခေါင်းစဉ်ဖြင့် လည်းကောင်း**(အပေါ်ပုံ)**၊ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်နှင်းကြည်က “အသိမမှားစေဖို့ သတိတရားယှဉ်စို့” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

(ခရိုင် ပြန်/ဆက်)

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြရေပေးရေးလုပ်ငန်းမှ မြို့မကျောင်းလမ်းရှိ လေးလက်မ ရေဖြန့်ပိုက်လိုင်းများအား ခြောက်လက်မ ရေဖြန့်ပိုက်လိုင်းများသို့ ပြောင်းလဲတပ်ဆင်ခြင်းလုပ်ငန်းကို ဒီဇင်ဘာ၂၀ရက်က ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးဝင်းနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်သူတို့ ကွင်းဆင်းစစ်ဆေးရာ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းက ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)

ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ရေး
ဘားအံခရိုင်တွင် ဆွေးနွေးဆောင်ရွက်

ဘားအံ ဇန်နဝါရီ ၇

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကရင်ပြည်နယ် လက်ထောက်ညွှန်ကြားရေးမှူး ဦးရဲညွန့်သည် ဘားအံခရိုင် ကမမောင်းမြို့နယ်ရုံးသို့ နိုဝင်ဘာ ၂၃ရက်က သွားရောက်၍ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများအားတွေ့ဆုံကာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး၏ မှာကြားချက်နှင့်အညီ ကျေးရွာစာကြည့်တိုက်များ ရေရှည်တည်တံ့ ခိုင်မြဲရေး၊ ဝန်ထမ်းများအရည်အသွေး မြင့်မားရန် ကြိုးစားဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

ဆွေးနွေးမှာကြား

ဆက်လက်၍ ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်မြအေးသည် နိုဝင်ဘာ ၂၇ ရက်က ဘားအံခရိုင်အတွင်းရှိ လှိုင်းဘွဲမြို့နယ်ရုံးသို့ သွားရောက်၍ ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ဝန်ထမ်းများ အရည်အသွေး မြင့်မားရေးတို့ကို ဆွေးနွေးမှာကြားပြီး ပက်ကျော်ကျေးရွာ စာကြည့်တိုက်ကော်မတီဝင်များအား တွေ့ဆုံ၍ သတ်မှတ်ကာလအတွင်း သတ်မှတ်ချက်နှင့်အညီ စာကြည့်တိုက်ဖြစ်ပေါ်လာရေး ဆွေးနွေးသည်။

တွေ့ဆုံ

ထို့အပြင် ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်မြအေးသည် ပိုင်ကျုံမြို့နယ်ရုံးသို့ ဒီဇင်ဘာ ၉ရက်က သွားရောက်၍ ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံကာ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးတို့ကို ဆွေးနွေးသည်။

(မြို့နယ် ပြန်/ဆက်)

အလိမ္မာ စာမှာရှိ

လှိုင်သာယာမြို့နယ် အမှတ် (၄) အလယ်တန်းကျောင်း၏ ၂၀၁၀ခုနှစ် ပညာရေးစုံညီပွဲတော်နှင့် ၂၀၀၈-၂၀၀၉ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ဘက်စုံဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ရက်က အဆိုပါကျောင်းမြက်ခင်းပြင်၌ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ခင်နွယ်က သတ္တမတန်းတွင် ဘက်စုံထူးချွန် ပထမဆုရ မဝင့်ရတနာဖြိုးအား ဆုတံဆိပ် ချီးမြှင့်စဉ်။

(ပညာရေး)

လွတ်လပ်ရေးနေ့အခမ်းအနား မင်္ဂလာဒုံ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ၄ရက်က ရွှေနံ့သာကျေးရွာအုပ်စု ရွှေနံ့သာစံပြကျေးရွာခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရပ်ကွက်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြသည်။ အခမ်းအနားတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှပေးပို့သော (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့နယ်ဥက္ကဋ္ဌ ဦးငြိမ်းထွေးက ဖတ်ကြားသည်။

(မြို့နယ် ပြန်/ဆက်)

ဆယ်စုနှစ်အတွင်း အထူးခြားဆုံးလူသားများ

စုစည်းတင်ပြသူ - မောင်မောင်မြင့်ဆွေ
စာမျက်နှာဖွဲ့စည်းမှု အေးအေးဝင်း (မြန်မာ့အလင်း)

၂၀၀၉ခုနှစ်အထိ ဆယ်နှစ်တာအတွင်း အထူးခြားဆုံးလူအချို့၏ ထူးထူးခြားခြား မှတ်တမ်းတင်မှုများကို စုစည်းဖော်ပြလိုက်ရပါသည်-

လက်သည်းအရှည်ဆုံးလူသား

အိန္ဒိယနိုင်ငံသား ရှရီဟာချေလယ်သည် ၁၉၅၂ခုနှစ်မှစတင်က ယခုအချိန်အထိ သူ၏လက်နှစ်ဖက်ရှိလက်သည်းများကို အရှည်ထားခဲ့ရာ ယခုအခါအရှည်၂၉ပေနှင့် ၈လက်မကျော်ရှိနေပြီဖြစ်သည်။ ထို့ကြောင့် နှစ်ပေါင်းများစွာ လက်သည်းရှည်အောင် ဂရုတစိုက်ထိန်းသိမ်းခဲ့သဖြင့် ကမ္ဘာပေါ်တွင် လက်သည်းအရှည်ဆုံး လူသားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ **(အောက်ပုံ)** **(အင်တာနက်ဓာတ်ပုံ)**

တစ်ကြိမ်တည်း ခြောက်မြွာပူးမွေးဖွားသူ

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်မှ နာဒီယာဆူလီမင်အမည်ရှိ အသက် ၃၅နှစ်အရွယ် အမျိုးသမီးသည် ခြောက်မြွာပူး သားငယ်လေးများကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သဖြင့် ဆယ်စုနှစ်အတွင်း အထူးခြားဆုံးမိခင်အဖြစ် မှတ်တမ်းတင်ခြင်းခံရသည်။ နာဒီယာဆူလီမင်သည် သမီးအမြွှာနှစ်ဦးကိုလည်း မွေးဖွားခဲ့ဖူးသေးကြောင်း သိရသည်။ **(အောက်ပုံ)**
(အင်တာနက်ဓာတ်ပုံ)

ဆယ်စုနှစ်အတွင်း ကိုယ်အလေးချိန်အများဆုံးလူသား

မက္ကဆီကိုနိုင်ငံသား ယူရီဘီဂါဇာ၏ ခန္ဓာကိုယ်အလေးချိန်မှာ ၁၂၃၅ပေါင်ရှိသည်။ လမ်းလျှောက်၍ မရနိုင်အောင် အဝလွန်သဖြင့် ကိုယ်အလေးချိန် လျှော့ချခဲ့ရာ ပေါင် ၈၄၀အထိ ကျဆင်းခဲ့သည့် ၂၀၀၈ခုနှစ် အောက်တိုဘာလတွင် သူ၏ မိန်းကလေးမိတ်ဆွေ ကလူဒီရာဆိုလစ်နှင့် လက်ထပ်ခဲ့သည်။

အဝဆုံး

လက်ရှိအချိန်၌ ကိုယ်အလေးချိန် ပေါင် ၆၆၀ရှိရာ ဆယ်စုနှစ်အတွင်း အဝဆုံးလူသားအဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရသည်။ (အပေါ်ပုံ)
(အင်တာနက်ဓာတ်ပုံ)

ရက်စက်မှုအပေါင်း သရဖူဆောင်းသည်ထင့်

နိုင်ငံတကာ မှုခင်း

ဆွေ ရေးသားသည်

သမိုင်းတွင် စံပြလောက်သူ၊ နမူနာပြလောက်သူ လူကောင်းလူတော်တွေကို လက်ညှိုးညွှန်ပြလိုက်ချင်ပါ၏။ အတုယူစေချင်လွန်း၍ဖြစ်ပါ၏။ အားကျစေချင်လွန်း၍ဖြစ်ပါ၏။ တကယ့်ရင်ထဲတွင် မြစ်ဖျားခံလာသည့် စေတနာပါ။

သို့သော် စက်ဆုပ်ရွံရှာဖွယ်ရာ၊ မုန်းတီးစရာလူယုတ်မာများ အကြောင်းကိုမူ ပြောလည်းမပြောချင်၊ စိတ်ကူးထဲလည်း မထည့်လို။ သူတို့ကိုအတုလည်း မယူစေချင်၊ အားလည်းမကျစေချင်။

သို့ရာတွင် မပြောချင်ဘဲပြောရပေဦးမည်။ သင်ခန်းစာရစေချင်၍ ဖြစ်၏။ ဝေးဝေးက ရှောင်နိုင်ရန်ဖြစ်၏။

သည်နေရာတွင် ကြောက်ရွံ့တုန်လှုပ်ဖွယ်အကောင်းဆုံး၊ မသတီစရာ အကောင်းဆုံး၊ ရွံရှာမုန်းတီးဖွယ်အကောင်းဆုံး လူတစ်ယောက်အကြောင်း မသိစေချင်သော်လည်း ပြောပြရပေလိမ့်မည်။

ကွယ်လွန်

သူသည်သမိုင်းတွင် ယုတ်မာရက်စက်မှုအပေါင်း သရဖူဆောင်းသူပါ။

သူ့ကိုယ်ရေးရာဇဝင်အကျဉ်းကို ဦးစွာပဏာမပြောပြလို၏။ သူ့ ငယ်နာမည်က အက်ဒွပ်သီအိုရိုဂိန်းဖြစ်၏။ **(ယာပုံ)** အမေရိကန်ပြည်ထောင်စု ဝစ္စကွန်ဆင်ပြည်နယ် လာကရိုဆီစီရင်စု၌ ၁၉၀၆ခုနှစ် ဩဂုတ်လ၂၇ရက်က မွေးဖွားခဲ့၏။ သူ့အသက်၇၈နှစ်အရွယ် ၁၉၈၄ခုနှစ် ဇူလိုင်လ၂၆ရက်တွင် အသက်ရှုကျပ်သည့်ရောဂါအပါအဝင် ရုတ်တရက် နှလုံးခုန်ရပ်သည့်ရောဂါဖြင့် ကွယ်လွန်သွားခဲ့၏။ ကင်ဆာရောဂါဖြင့် ကွယ်လွန်သည်ဟုလည်း ဆို၏။ သူကွယ်လွန်ချိန်တွင် မည်သူမျှ ဝမ်းနည်းကြေကွဲမှုမခံစားကြရ။ ကျေနပ်အားရစရာပင် ဖြစ်ကြသည်ဆိုကြသကိုး-

သူကအမေရိကန်နိုင်ငံသား အမေရိကန်လူမျိုး အမေရိကန်ပြည်ထောင်စုတွင် မွေးဖွားသူ။

သူသည် အမေရိကန်လူသတ်သမားဖြစ်သည့်အပြင် သင်္ချိုင်းခားပြလည်း ဖြစ်သည်။ သူ့ဇာတိမြို့ဖြစ်သည့် ဝစ္စကွန်ဆင်ပြည်နယ် ပလိန်ဖီးမြို့တစ်ဝိုက်တွင် ရာဇဝတ်မှုပေါင်းများစွာ ကျူးလွန်ခဲ့သည်။ နာမည်ဆိုးဖြင့် ကျော်စောသူ ဖြစ်သည်။ မိမိဒေသသုသာန်မှ လူသေအလောင်းများကိုတူးဖော်သည်။ လူသေအလောင်းများ၏ အရိုးနှင့်အရေများကို အောင်ပွဲရ အထိမ်းအမှတ်ပစ္စည်း အဖြစ်လည်းကောင်း၊ အမှတ်တရပစ္စည်းအဖြစ်လည်းကောင်း အသုံးချသည်။ သည်လောက်ဆိုလျှင်ပင် သူ၏စရိုက်ဆိုးကို မြင်ယောင်လောက်ပြီ။

ကြားသိရသည့်အတိုင်း ဖောက်သည်ချရလျှင် သူသည် တကယ့်ရာဇဝင် လူဆိုးတစ်ယောက်။ အလွန့်အလွန်ပင်ဆိုးလှသည့် လူဆိုး။

မယုံလျှင် ပုံပြင်မဟုတ်ကြောင်း ရဲမှတ်တမ်းကို လှန်ပြလိုက်ချင် စမ်းပါဘိ။

ဖြောင့်ချက်ပေး

လိုရင်းကိုပြောရလျှင် သတင်းအရ ရဲတပ်ဖွဲ့က သူ့ကိုဖမ်းလိုက်သည်။ ရဲကသိလိုသည့် ဖြစ်ကြောင်းကုန်စင်ကို စစ်ဆေးမေးမြန်းသည်။ သူကိုယ်၌က အမျိုးသမီးများကို သတ်ခဲ့ကြောင်း ဖြောင့်ချက်ပေးသည်။ သူသတ်ခဲ့သူ အမျိုးသမီးများတွင် စားသောက်ဆိုင်ပိုင်ရှင်တစ်ဦးနှင့် ကုန်မာပစ္စည်းဆိုင်ပိုင်ရှင် တစ်ဦးတို့ ပါဝင်သည်။ သူ့အိမ်တွင် ရဲတပ်ဖွဲ့က တွေ့ရှိရသည့် သက်သေခံအထောက်အထားများကလည်း အမြောက်အမြား။

သူ့ကို အက်ဒွပ်အိဒ်ဂိန်းဟုလည်းခေါ်ကြောင်း ရဲတို့သိထားသည်။

တန်ဆာဆင်

ဂိန်းသည်သူလုပ်သမျှခံရသည့် သားကောင်ဖြစ်သူတို့၏ အလောင်းများကို အရေခွံခွာသည်။ သေဆုံးသူ၏ အလောင်းများကိုတူးဖော်သည်။ ထိုအလောင်းများ၏ ကိုယ်အင်္ဂါအစိတ်အပိုင်းများဖြင့် သူ့အိမ်ကို တန်ဆာဆင်သည်။ အလှပြင်သည်။ လူ့အရေခွံများကို အမှိုက်ပုံးလုပ်သည်။ ပရိဘောဂအဖြစ် အသုံးပြုသည်။ သူ့အဝတ်အစားအဖြစ်ပင် ချုပ်ဝတ်သည်။ ဤလုပ်ရပ်များကား ဂိန်း၏ အကြမ်းဖျင်းသိစရာတွေ။

မွေးဖွား

သူ၏နောက်ခံသမိုင်းကို လှန်လှောကြည့်လျှင် သူသည် ၁၉၀၆ခုနှစ်တွင် မွေးဖွားသည်။ ၎င်းတွင် ညီအစ်ကိုနှစ်ဦးရှိသည်။ သူက အငယ်ဖြစ်၏။ သူ့ဖခင်က စိတ်ဓာတ်ပျော့ညံ့ပြီး ခွန်အားနည်းသည့် အရက်သမား။ သူ့မိခင်ဖြစ်သူက ဘာသာရေးကို အလွန်အမင်း ကိုင်းရှိုင်းသူ။

သွန်သင်ဆုံးမ

မိခင်ဖြစ်သူကဂိန်းကို အလွန်သံယောဇဉ်ကြီးသည်။ သူမ၏သားသမီးများ အကျင့်စာရိတ္တကောင်းမွန်ရန် လူ့ကျင့်ဝတ်နှင့် ပတ်သက်၍ ဆိုဆုံးမလေ့ရှိ၏။ အမျိုးသမီးများ၏ မလိမ္မာမှု၊ စိတ်ထားယုတ်ညံ့မှုတို့ကို ဖော်ထုတ်၍ သွန်သင်ဆုံးမလေ့ရှိ၏။ အမျိုးသမီးများနှင့် လက်ပွန်းတတီး ရောနှောဆက်ဆံမှုကိုအားမပေး။ လင်မယားဆက်ဆံမှုမျိုးကို စိတ်ပျက်အောင် စည်းရုံးနိုင်သူတည်း။

ဤအခြေအနေမျိုးတွင် ဂိန်းသည်ယောကျာ်းမပီသသူ ဖြစ်လာ၏။ ယောကျာ်းလေးများကိုမြင်လျှင် သူ့စိတ်ထဲ၌ တစ်မျိုးကြီးဖြစ်လာ၏။ ဤသည်တို့မှာ ဂိန်းကိုယ်တိုင် ဖွင့်ဆိုချက်များသာ....။

ပြစ်တင်ဝေဖန်

ဂိန်း၏ဖခင်သည် အရက်ကြောင့်ပင် သေဆုံးသွားရရှာသည်။ အရက်သောက်ရင်း သေဆုံးရခြင်းဖြစ်သည်။ ဂိန်း၏အစ်ကိုဖြစ်သူ ဟင်နရီက မိခင်ဖြစ်သူအပေါ် ဂိန်းသံယောဇဉ်မရှိခြင်းနှင့် ပတ်သက်၍ မိခင်ကို ပြစ်တင်ဝေဖန်လေ့ရှိလာသည်။ နောက်ပိုင်းတွင် ဂိန်း၏အစ်ကိုဖြစ်သူ ဟင်နရီသည်လည်း ပဟေဠိဆန်ပြီး ဝေခွဲရခက်သည့် သေဆုံးမှုမျိုးဖြင့် မီးလောင်သေဆုံးရသည်။ ထိုသို့ သေဆုံးခြင်းနှင့်ပတ်သက်၍ ညီဖြစ်သူဂိန်းကို သံသယဖြစ်ခဲ့ကြသတဲ့။

ဂိန်း၏ဖခင်သေဆုံးပြီးနောက် ဂိန်း၏မိခင်လည်း ကွယ်လွန်ခဲ့၏။ မရှောင်သာသောလမ်းပေကိုး....။

ဂိန်း၏ ဆန်းဆန်းပြားပြား လုပ်ရပ်များကိုဖော်ပြရလျှင် တုန်လှုပ် ကြောက်ရွံ့ဖွယ်လည်းကောင်း၏။ စိတ်ဝင်စားစရာလည်း ဖြစ်၏။ တကယ့်အဖြစ်တွေပါ။

ဂိန်းသည် သူ့မိခင်ကွယ်လွန်ပြီးနောက်ပိုင်းတွင် မည်သူကမျှ မအုပ်ထိန်းနိုင်ဘဲ ဆိုဆုံးမ၍မရသည့် အခြေအနေသို့ရောက်သွား၏။ ဂိန်းသည် ဆန့်ကျင်ဘက်လိင်များနှင့်ပတ်သက်၍ ဆန်းဆန်းပြားပြား စဉ်းစားပြုမူလာသည်။ မိန်းမများ၏ ခန္ဓာဗေဒကို စူးစမ်းလေ့လာချင်လာ၏။ နာဇီစခန်းတွင် လူသားဆိုင်ရာ သုတေသနလုပ်ရန် စိတ်ဝင်စားလာသည်။ ထိုအလုပ်ကို နှစ်ခြိုက်လာသည်။ သူပိုင်လူသားဆိုင်ရာ လက်တွေ့သုတေသနလုပ်ငန်းလုပ်ရန် သင်္ချိုင်းမြေပုံများကို လုယက်လာသည်။ ခိုးလာသည်။ ဓားပြတိုက်လာသည်။ သင်္ချိုင်းမြေပုံများတွင် အလောင်းများတူးဖော်သည့် အလုပ်ကို စိတ်ဝင်တစားလုပ်လာတော့၏။ ကုန်ကုန်ပြောရလျှင် မိခင်အရင်းခေါက်ခေါက်၏ အလောင်းကိုပင် ချမ်းသာမပေးဘဲ တူးဖော်ချေပြီ။

၎င်း၏ လက်တွေ့သုတေသနလုပ်ငန်းသည် ထိတ်လန့်စက်ဆုပ်ဖွယ် မြင်မကောင်း ရှုမကောင်းသည့် အခြေသို့ဆိုက်လာသည်။ နောက်ဆုံး၌ ဇာတ်တူသားချင်းပါစားသည့် လူသားစားသူ ဖြစ်လာတော့သည်။

ကျူးလွန်

ဤမျှမက သူကိုယ်၌ကမိန်းမဖြစ်ချင်လာသည်။ လူသားအရေပြားဖြင့် မိန်းမရင်သားလုပ်သည်။ လူ့အရေပြားဖြင့် သူ့ကိုယ်တွင်ခြုံလာသည်။ လူ့အရေပြားကို စောင်လုပ်ပြီး သူ့ကိုယ်တွင်ပတ်သည်။ မိန်းမအဖြစ်ပင်ပြောင်းချင်လာသည်။ ယောကျာ်းအင်္ဂါကို မိန်းမတန်ဆာအဖြစ် ပြောင်းလာတော့သည်။ ထိုအခါ လူ၏လတ်လတ်ဆတ်ဆတ် အသားကိုလိုလာသည်။ ထို့ကြောင့် လူသတ်မှုကို စိတ်ရောကိုယ်ပါကျူးလွန်လာသည်။ မိခင်ဖြစ်သူ၏ မုန်းချစ် သံယောဇဉ်ကြောင့် ဤသို့ဖြစ်လာသည်လော မပြောတတ်။

တုန်လှုပ်ဖွယ်

ရဲများက သူ့ကို ဖမ်းဆီးလိုက်ပြီးနောက်ပိုင်းတွင် သူ့အိမ်၌ ထိတ်လန့် စက်ဆုပ်ဖွယ်ကောင်းလှသည့် မြင်ကွင်းမျိုးစုံကို တွေ့သွားသည်။ ထိုသို့ တွေ့ရသည့် မြင်ကွင်းများတွင် တွဲလောင်းချိတ်ဆွဲထားသည့် ဦးခေါင်းနှင့် လည်ပင်းမပါသော လူသေအလောင်းများ၊ လူ့ဦးခေါင်းခွံဖြင့် ပြုလုပ်ထားသည့် ပန်းကန်လုံးများ၊ လူ့အရေခွံဖြင့် ပြုလုပ်ထားသည့် လက်ဝတ်ရတနာများ၊ တွဲလောင်းချိတ်ဆွဲထားသော လူ့နှုတ်ခမ်းများ၊ ကုလားထိုင်တွင်ဖုံးသည့် အရေပြားကူရှင်များ၊ မျက်နှာအရေခွံဖြင့်ပြုလုပ်ထားသည့် မျက်နှာဖုံးများ၊ သူ့မိခင်၏ မကြည့်သင့်မမြင်အပ်သော မဖွယ်မရာ အမျိုးသမီးအင်္ဂါအစိတ်အပိုင်းအပါအဝင် အမျိုးသမီးကိုယ်အင်္ဂါ အစိတ်အပိုင်း အရေပြားဖြင့်ပြုလုပ်ထားသည့် မျက်နှာဖုံးစွပ်များပါဝင်၏။ ထိုပစ္စည်းများကို ငွေရောင်သုတ်ထားသည်။ တုန်လှုပ်ဖွယ်အကောင်းဆုံး တွေ့မြင်ရသည်မှာ မီးဖိုပေါ်တင်ထားသည့် ဒယ်အိုး၌ သူ့မိခင်အရင်းဖြစ်နိုင်သူ၏ အသည်းနှလုံးကိုတွေ့ရှိရခြင်းပင်....။

ရဲများက ဂိန်း၏အိမ်တွင် အမျိုးသမီးအလောင်း ၁၅ လောင်း၏ ကိုယ်အင်္ဂါအစိတ်အပိုင်းမျိုးစုံကို ရေတွက်သိရှိသွား၏။ "မိမိသည် မည်သည့် အမျိုးသမီးအလောင်းနှင့်မျှ မဖွယ်မရာပြုခြင်းမရှိခဲ့ကြောင်း၊ အဘယ်ကြောင့် ဆိုသော် အလွန်ဆိုးသည့်အပုပ်နံ့များ မခံနိုင်သောကြောင့်ဖြစ်ကြောင်း" ဂိန်းက ရဲကို ပြောပြသည်။

ခြုံငုံပြောရလျှင် တရားရုံးက ဂိန်းကို တစ်သက်တစ်ကျွန်း ပြစ်ဒဏ်ချလိုက်၏။ နောက်ပိုင်း၌ ဂိန်းကို ဝိုပန်ဆေးရုံသို့တင်လိုက်ရပြီး အသက် (၇၈)နှစ်တွင် ကွယ်လွန်သွားသည်ဟု သိရကြောင်းပါခင်ဗျား-။ ။

ကိုးကား-အင်တာနက်

လူသေအလောင်းများ၏ အရိုးနှင့် အရေများကို အောင်ပွဲရ အထိမ်းအမှတ်ပစ္စည်းအဖြစ် လည်းကောင်း၊ အမှတ်တရပစ္စည်းအဖြစ် လည်းကောင်း အသုံးချ၊ သည်လောက်ဆိုလျှင်ပင် သူ၏ စရိုက်ဆိုးကို မြင်ယောင်။

7-1 (15).pmd 1 1/7/2010, 1:45 AM

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြု ဂန့်ဂေါမြို့လေဆိပ်အဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်

ဂန့်ဂေါ ဇန်နဝါရီ ၁

(၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဂန့်ဂေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခဲ့သည့် လေဆိပ်အဝင်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၃၀ရက်က ဂန့်ဂေါမြို့၌ကျင်းပရာ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဘုန်းမော်ရွှေ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးတင်စိုးဝင်းက ရှင်းလင်းတင်ပြပြီး ကတ္တရာလမ်းသစ်ကို မကွေးတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးဆန်းမော်ခင်နှင့် ဂန့်ဂေါခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(အပေါ်ယာပုံ)**

အဆင့်မြှင့်တင်

အဆိုပါကတ္တရာလမ်းသစ်မှာ ကျောက်ချောလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လမ်းအရှည် ပေ၅၅၀၊ အကျယ် ၁၅ပေရှိ၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ရန်ပုံငွေကျပ် ၂၆သိန်းကျော်နှင့် ပြည်သူများ ထည့်ဝင်ငွေကျပ် ၂၅သိန်းကျော်တို့ဖြင့် အကုန်အကျခံ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ **(မြို့နယ်စည်ပင်)**

ကျွန်းနှင့် သစ်မာများ စိုက်ပျိုးအောင်မြင်မှု ညွှန်ကြားရေးမှူး စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်တို့တွင် ၂၀၀၉-၂၀၁၀ မိုးရာသီ၌ စိုက်ပျိုးခဲ့သော တစ်အိမ်ထောင် ကျွန်းသုံးပင်နှင့် သစ်မာအပင်၂၀ စိုက်ပျိုးအောင်မြင်မှု အခြေအနေကို ၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၉ရက်က ရန်ကုန်တိုင်း သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးက ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

ဒီဇင်ဘာ ၃၀ရက်က (၁၃)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အခြေခံပညာ ကျောင်းပေါင်းစုံ မီနီနှင့်ဂျူနီယာတင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲတွင် ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် အလှူငွေကျပ်ငါးသိန်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် အတွင်းရေးမှူး ဦးလေးနိုင် လက်ခံယူစဉ်။ (မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်)

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ကျောင်းသားဟောင်းများ၏ နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်(၁၉၇၆-၁၉၈၀)ပညာသင်နှစ် ကျောင်းသား ကျောင်းသူဟောင်းများ ပြန်လည်တွေ့ဆုံပွဲနှင့် အထက်ပါစာသင်နှစ်များအတွင်း ပညာသင်ကြားပေးခဲ့သော ဆရာကြီး ဆရာမကြီးများအား နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် မြတ်ဆရာပူဇော်ကန်တော့ပွဲကို ဇန်နဝါရီ ၁၅ရက်(သောကြာနေ့) ညနေ ၅နာရီတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ပတ္တမြားခန်းမ၌ ကျင်းပမည်ဖြစ်သည်။

နှိုးဆော်

ရန်ကုန်စုရပ်မှ လိုက်ပါမည့်သူများအတွက် ဘုရင့်နောင်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြေအသုံးချရေးဌာနခွဲ(ရုံးချုပ်)ရှေ့မှ ဇန်နဝါရီ ၁၅ရက် နံနက်၆နာရီတွင် ကားများစတင်ထွက်ခွာမည်ဖြစ်ပြီး အသေးစိတ်သိရှိလိုသည်များကို ဦးစိုးဝင်း ဖုန်း-၀၁-၆၄၀၆၂၇၊၀၁-၆၄၀၉၉၃၊၀၉-၅၀၃၀၉၁၇၊ ဦးခင်မောင်လတ် ဖုန်း-၀၁-၂၅၆၁၉၃၊ ၀၉-၅၁၀၇၂၁၁၊ ဒေါ်မို့မို့ဝင်း ဖုန်း-၀၁-၂၉၆၈၉၉၊၀၉-၅၁-၃၇၄၇၃ တို့သို့လည်းကောင်း၊ မန္တလေးစုရပ်မှ လိုက်ပါမည့်သူများသည် ဒေါက်တာဘိုကြီး(ရုပ်ပျို)(ရွှေဘို) ဖုန်း-၀၇၅-၂၁၆၄၆၊ ၀၉-၂၁၀၀၀၁၆၊ ဦးထွန်းပေါ်မြင့်(စစ်ကိုင်း)ဖုန်း-၀၇၂-၂၁၆၂၂၊ ဒေါ်မြစ်နှင်းကြည်(မန္တလေး)ဖုန်း-၀၂-၆၀၇၂၁၊ ၀၉-၂၀၆၂၁၁၆ တို့သို့လည်းကောင်း ဆက်သွယ်ကြရန်နှင့် ကျောင်းသားကျောင်းသူဟောင်းများ စုံညီစွာတက်ရောက်ကြရန် နှိုးဆော်ထားသည်။ **(မြန်မာ့အလင်း)**

သာယာဝတီခရိုင်ရှိ မီးသတ်စခန်းများ ညွှန်ကြားရေးမှူးချုပ် စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၆

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်ထွန်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၂၉ရက်က သာယာဝတီခရိုင် မင်းလှမြို့နယ် သာယာကုန်းကျေးရွာ၊ ညောင်ကုန်းကျေးရွာအုပ်စု ဖြူကွင်းကျေးရွာ၊ အုတ်တွင်းကျေးရွာနှင့် တာလေးကျေးရွာ အရန်မီးသတ်တပ်ဖွဲ့ဝင်များအတွက် ဝတ်စုံနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သာယာဝတီနှင့် သုံးဆယ်မြို့နယ် မီးသတ်စခန်းများသို့ရောက်ရှိပြီး မီးသတ်ယာဉ်/စက်များကြံ့ခိုင်မှု၊ မီးသတ်တပ်ဖွဲ့ဝင်များ၏စည်းကမ်းသေဝပ်မှုနှင့် လေ့ကျင့်ရေးဆောင်ရွက်နေမှုများကို စစ်ဆေးခဲ့ကြောင်းသိရသည်။ ***(မီးသတ်ဦးစီးဌာန)***

ပဲခူးမြို့ စစ်ကောင်းစာကြည့်တိုက် နှစ်ပတ်လည်စည်းဝေး

ပဲခူး ဇန်နဝါရီ ၁

ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဥဿာသီရိ ၇လမ်းရှိ စစ်ကောင်းစာကြည့်တိုက်ဖွင့်လှစ်ခြင်း သုံးနှစ်ပြည့်အခမ်းအနား ငွေပင်ငွေရင်းနှင့် စာအုပ်စာစောင်များ လှူဒါန်းပွဲအခမ်းအနားကို ဒီဇင်ဘာ ၂၇ရက် မွန်းလွဲ ၁နာရီက စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပဲခူးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေနှင့် ပဲခူးမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးစိန်လှိုင်(စိန်လှိုင်ဗိုလ်) **(အပေါ်ပုံ)**တို့ တက်ရောက်အမှာစကားပြောကြားပြီး အလှူငွေနှင့်စာအုပ်စာစောင်အလှူရှင်များအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ကြကာ စာကြည့်တိုက်မှူးက နှစ်ပတ်လည်အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ရှင်းလင်းပြောကြား

ထို့နောက် စာကြည့်တိုက်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ (စစ်ကောင်းလက်ဖက်ခြောက်)က စာကြည့်တိုက်ဖွံ့ဖြိုးရှင်သန်ရေးအတွက် ဆောင်ရွက်ချက်များ၊ ရှေ့ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။ စစ်ကောင်းစာကြည့်တိုက်ကို အလှူရှင် ဦးဝင်းစိန်မိသားစုက ငွေကျပ်သိန်း ၂၀၀ကျော်အကုန်အကျခံ၍ တည်ဆောက်ခဲ့ပြီး မြေညီထပ်တွင် စစ်ကောင်းစာကြည့်တိုက်နှင့် စာဖတ်ခန်းကို ဖွင့်လှစ်ထားသည်။ (၀၆၀)

စာပေဟောပြောပွဲ လှိုင်သာယာ၌ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့၏အစီအစဉ်၊ အမှတ်(၁၁)ရပ်ကွက် အလင်းသစ်စာကြည့်တိုက်ကော်မတီ၏ ဦးဆောင်မှုဖြင့် ပထမအကြိမ် စာဆိုတော်နေ့အထိမ်းအမှတ် စာပေဟောပြောပွဲအခမ်းအနားကို ဇန်နဝါရီ ၂ရက် ည၇နာရီက အမှတ်(၁၁)ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့ အားကစားကွင်း၌ကျင်းပရာ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး ကိုမာတိ(ပန်းတောကြီး)က နှုတ်ခွန်းဆက်စကားပြောကြားပြီး ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်စိုးနီနှင့်တာဝန်ရှိသူများက အလင်းသစ်စာကြည့်တိုက်အတွက် လှူဒါန်းထားသော စေတနာရှင်များအား ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဆက်လက်၍ စာရေးဆရာချစ်နိုင်(စိတ်ပညာ)နှင့် စာရေးဆရာချစ်စံဝင်းတို့က စာပေရေးရာများ ဟောပြောကြသည်။ (၀၉၇)

ကျေးရွာတစ်ခွင် သာစေချင် မီးတွင်းမပေါ့နှင့်

တောင်ကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ် မြို့ပြကျောက်ချောလမ်းဖြစ်သော ချောင်းကောက်ရပ်ကွက်ရှိ မေပိုးဝါလမ်း ကျောက်ချောခင်းပြီးစီးမှုကို ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့မှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်နုနှင့်အဖွဲ့ ဒီဇင်ဘာ၁၉ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးလှဖော်ဇံက ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

(၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ပေါင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ပေါင်မြို့ပေါင်းရပ်ကွက် ဘုရားကြီးလမ်း ကတ္တရာထပ်ပိုးလွှာလမ်းသစ် ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၄ရက်က အဆိုပါလမ်းဖွင့်ပွဲမုခ်ဦး၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးမြတ်အောင်ဌေးနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးကျော်လှတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၇၆)

ထောက်ပံ့

ပုစွန်တောင်မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ (ဒသမ)အကြိမ် မသန်စွမ်းအဖွဲ့ဝင်များနှင့် သက်ကြီးစစ်မှုထမ်းဟောင်းများအား ထောက်ပံ့ငွေပေးအပ်ပွဲကို ဇန်နဝါရီ ၂ရက်က အဖွဲ့ရုံးခန်းမ၌ ကျင်းပရာ အဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ဝင်း(ငြိမ်း)က အဖွဲ့ဝင်တစ်ဦးအား ထောက်ပံ့ပေးအပ်စဉ်။ (၁၂၅)

မြန်မာ့အလင်းသတင်းစာကြော်ငြာများ အောက်ပါလိပ်စာများ၌ထည့်သွင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၆

သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း မြန်မာ့အလင်းသတင်းစာတွင် ရန်ကုန်မြို့မှ ကြော်ငြာထည့်သွင်းလိုသော ကြော်ငြာရှင်များ ဆက်သွယ်သွားလာမှု လွယ်ကူစေရန်အတွက် လက်ရှိ **အမှတ် ၅၃၊ နတ်မောက်လမ်းသွယ်(၁)၊ ဗဟန်းမြို့နယ်၊ ဖုန်း-၅၄၅၈၃၄** ၌ ကြော်ငြာများ နေ့စဉ် လက်ခံနေသည့်အပြင် အထူးအစီအစဉ်ဖြင့် **အမှတ် ၇၇၊ ၅၂လမ်း (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက် ဖုန်း-၂၉၉၄၂၇**တွင်လည်း မြန်မာ့အလင်းသတင်းစာ ကြော်ငြာဌာနကို တိုးချဲ့ဖွင့်လှစ်၍ ကြော်ငြာများ လက်ခံပေးလျက်ရှိပါသည်။ **အထက်ပါ နှစ်နေရာတွင်သာ လာရောက်ထည့်သွင်းကြပါရန် ဖော်ပြအပ်ပါသည်။**

(မြန်မာ့အလင်း)

စရီ မာရီယမ္မာန်ဘုရားကျောင်း ဂေါပကအသစ်ရွေးချယ်ရေး

နှိုးဆော်ကြေညာချက်

တမီလ်ဟိန္ဒူဘာသာဝင်အပေါင်းတို့ခင်ဗျား-

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ အင်းစိန်လမ်းမကြီး၊ အမှတ်(၄၉)တွင် တည်ထားကိုးကွယ်လျက်ရှိသော စရီမာရီယမ္မာန် ဘုရားကျောင်းတွင် ဂေါပကအဖွဲ့သစ်တစ်ဖွဲ့ ရွေးချယ်တင်မြှောက်ရန် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် ဌာနဆိုင်ရာများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးအဖွဲ့ချုပ်နှင့် တမီလ်ဟိန္ဒူဘာသာဝင် ရပ်မိရပ်ဖများ ပါဝင်သော ၁၁ဦးဖြင့် ဂေါပကရွေးချယ်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး ဖြစ်ပါသည်။

သို့ပါ၍ ဂေါပကရွေးချယ်ပွဲကို အဆိုပါဘုရားကျောင်း၌ ၁၀-၁-၂၀၁၀ ရက် နံနက်၉း၃၀နာရီမှ ညနေ ၅ နာရီအထိ ကျင်းပပြုလုပ်မည်ဖြစ်ရာ ရွေးချယ်ပွဲမတိုင်မီ တစ်နှစ်ကြိုတင်၍ ဤဘုရားကျောင်းမှ နှစ်မိုင်ပတ်လည်ဧရိယာအတွင်း နေထိုင်ကြသည့် အသက်(၁၈)နှစ်ပြည့်ပြီးသူ တမီလ်ဟိန္ဒူဘာသာဝင်များအနေဖြင့် ဆန္ဒမဲပေးနိုင်ရေးအတွက် တက်ရောက်ပါရန် နှိုးဆော်အပ်ပါသည်-

ဂေါပကလောင်းအဖြစ်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများသည် အောက်ပါအချက်များနှင့် ပြည့်စုံသူဖြစ်ရမည်။

(က) ဖော်ပြပါဧရိယာအတွင်းနေထိုင်သူ အသက်(၂၅)နှစ်နှင့်အထက်ရှိသူ တမီလ်ဟိန္ဒူဘာသာဝင် ဖြစ်ရမည်။
(ခ) အိမ်ပိုင်၊မြေပိုင်၊တိုက်ခန်းပိုင် အိမ်ထောင်စုစာရင်းဖြင့် အခြေချနေထိုင်သူ ဖြစ်ရမည်။
(ဂ) လက်ရှိဂေါပကအဖွဲ့ဝင်များ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံခွင့်မရှိစေရ။

မှတ်ချက်။ ။ ဆန္ဒမဲပေးနိုင်သူများ၊ ဂေါပကကိုယ်စားလှယ်လောင်းအဖြစ်ရွေးချယ်ခံမည့်သူများ၏ အသေးစိတ်အချက်အလက်ကို ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

စရီ မာရီယမ္မာန်ဘုရားကျောင်း ဂေါပကရွေးချယ်ရေးကော်မရှင်
မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
အစည်းအဝေးခန်းမ(ယာယီရုံးခန်း)၊
ရန်ကုန်-အင်းစိန်လမ်းမကြီး၊ လှိုင်မြို့နယ်။

မြဝတီမြို့ ''မြဝတီ''တည်းခိုခန်းပိုင်ဆိုင်မှုနှင့်ပတ်သက်၍

အများသိစေရန်ကြေညာချက်

ကရင်ပြည်နယ်၊ မြဝတီခရိုင်၊ မြဝတီမြို့၊ (၄)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၌ ''မြဝတီ''အမည်ရှိ တည်းခိုခန်းဖွင့်လှစ်ထားသော ကွင်းအမှတ် ၈-ဗမာစု(မြို့မ)၊ ဦးပိုင်အမှတ် ၂/၂၊ ၂/၃ မြေကွက်များ၏ ဂရန်အမည်ပေါက်ပိုင်ရှင်မှာ ဒေါ်ခိုင်သင်းကြည် ၉/မကန(နိုင်)၁၃၅၂၂၁ဖြစ်ပြီး အဆိုပါ ''မြဝတီ''တည်းခိုခန်းကိုလည်း ဒေါ်ခိုင်သင်းကြည်ကပင် ဖွင့်လှစ်တည်ထောင်ကာ တရားဝင်လုပ်ငန်းလိုင်စင်ဖြင့် လုပ်ကိုင်လျက်ရှိပါသည်။

ထို့ကြောင့် အဆိုပါ မြေကွက်များနှင့် မြေကွက်ပေါ်ရှိ ''မြဝတီ'' တည်းခိုခန်း အဆောက်အအုံ၏ လက်ရှိပိုင်ရှင်မှာ ဒေါ်ခိုင်သင်းကြည် တစ်ဦးတည်းသာလျှင် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားရုံးချုပ်ရှေ့နေ)
လိုင်စင်အမှတ်-၆၇၀၂
အမှတ် ၅၆၁၊ MAC Tower၊ အခန်း ၇၀၁၊
ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ရောင်းမည် ငှားမည်

အလုံ၊စက်တွင်းလမ်း၊ မြေညီ၊(၁၂½×၅၀)ပေ ငွေကျပ် ၁.၅သိန်း (ငှား)
အလုံ၊ ၄ဝါလမ်း၊ ငါးလွှာ၊ (၁၇½×၇၂)ပေ ငွေကျပ် သိန်း ၂၀၀(ရောင်း)
ဖုန်း-၂၁၇၀၉၇၊ ၂၁၂၃၉၅။

တရားမပုံစံအမှတ်-၉၄

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ်-၂၁၅

မန်နေဂျာ **နှင့်** ၁။ ဦးဟန်မှီ
မြန်မာ့စီးပွားရေးဘဏ် ၂။ ဒေါ်ဆန်းနွဲ့
သာစည်မြို့။
တရားနိုင် **တရားရှုံးများ**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၄၁၅တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ ၂၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် တပေါင်းလပြည့်ကျော် ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့၊ ရွာကြီးကျေးရွာ၊ကွင်းအမှတ် ၁၈၁၀/ရွာကြီးတောင်၊ မြေကွက်အမှတ် ၁၄၇/၁၊ ဦးပိုင်အမှတ် ၁၄၇/၁၊ ဧရိယာ ၀ဒသမ ၁၂၆ဧကရှိ မြေနှင့်ယင်းမြေပေါ်တွင် တည်ဆောက်ထားသော (၂၈×၂၀)ပေ လူနေနှစ်ထပ်တိုက်တွဲလျက်၊ (၁၈×၁၂)ပေတစ်ထပ်တိုက်၊ (၃၀×၁၈)ပေရှိ ရက်ကန်းစက်ရုံ၊ (၂၄×၁၂×၁၀)ပေရှိ လူနေတစ်ထပ်တိုက်၊ (၁၀×၇×၇)ပေရှိ ရေချိုးခန်းနှင့် စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။

ရောင်းချရန်စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ပြုံးပြုံးအေး
တွဲဖက်တိုင်းတရားသူကြီး(၃)၊ မန္တလေးတိုင်းတရားရုံး။

တရားမပုံစံအမှတ်-၉

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မန္တလေးတိုင်းတရားရုံး
၂၀၀၉ခုနှစ် တရားမဇာရီမှုအမှတ်-၂၁၇(အမ်)

မြန်မာ့စီးပွားရေးဘဏ် **နှင့်** ဦးဟန်ကြည်
သာစည်မြို့။
တရားနိုင် **တရားရှုံး**

၂၀၀၆ခုနှစ် တရားမကြီးမှုအမှတ်-၄၀၀တွင် ရရှိခဲ့သောဒီကရီအရ အောက်အမည်ပါပစ္စည်းကို ၂၀၁၀ခုနှစ် ဖေဖော်ဝါရီ၇ရက် (မြန်မာသက္ကရာဇ် ၁၃၇၁ခုနှစ် တပေါင်းလဆန်း၅ရက်) မွန်းမတည့်မီ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

သာစည်မြို့နယ်၊ ရွာကြီးကျေးရွာ၊ ကွင်း(၁၈၁၀/ရွာကြီးတောင်)၊ ဦးပိုင်(၃၈/၁)၊ မြေကွက်(၃၈/၁)၊ ဧရိယာ၀ဒသမ၁၂၆ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ သွပ်မိုး၊ အုတ်ကာ၊ နှစ်ထပ်တိုက်တွဲလျက် မီးဖိုချောင်၊ ရက်ကန်းစက်ရုံ၊ တစ်ထပ်တိုက်၊ ရေကန်၊ စက်ပစ္စည်းများ။

လေလံကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀။

ရောင်းချရန်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာများတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၉ခုနှစ် ဒီဇင်ဘာ ၂၄ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကြည်သိန်း
တွဲဖက်တိုင်းတရားသူကြီး(၆)
မန္တလေးတိုင်းတရားရုံး။

New Asia Japan Co.,Ltd. အုပ်ချုပ်မှုဒါရိုက်တာ ဦးအေးကိုကို (B/RGN-၀၂၃၀၂၀)နှင့် ဦးချစ်ကိုကို (ISN-၅၃၆၅၄၃) တို့အား

ကြားသိစေရန် အကြောင်းကြားခြင်း

ဒေါ်တွမ်းရင်ရင် ၁၃/လရန(နိုင်)၀၀၁၃၇၆ ထံ UREA N 46 PRILL အမျိုးအစား တန်ချိန် ၁၂၅၀၀ကို သတ်မှတ်ရက်အတွင်း တလုံးတစ်ခဲတည်း မပျက်မကွက် လွှဲပြောင်းပေးအပ်မည်ဖြစ်ကြောင်း ဦးအေးကိုကိုက ပြောဆိုခဲ့ရာတွင် ဦးချစ်ကိုကိုကလည်း တာဝန်ယူပါကြောင်း အာမခံပြောကြားသည်ကို ယုံကြည်သဖြင့် ၁၈-၇-၂၀၀၈ရက်တွင် ကုန်ပစ္စည်းအရောင်းအဝယ်စာချုပ်ချုပ်ဆိုပြီး ငွေကျပ် ၅၁၇၅၀၀၀၀၀အား သုံးကြိမ်ခွဲ၍ သက်သေများရှေ့၌ ပေးအပ်ပြီးဖြစ်သော်လည်း ယနေ့တိုင် အဆိုပါပစ္စည်းအား လွှဲပြောင်းပေးအပ်ခြင်းမရှိသည့်အပြင် လွှဲပြောင်းပေးအပ်ရန် ဆောင်ရွက်လျက်ရှိကြောင်း ခိုင်မာသောအထောက်အထားများလည်း ပြသနိုင်ခြင်းမရှိသောကြောင့် လာရောက်ဖြေရှင်းဆောင်ရွက်ပါရန် စာတိုက်မှတစ်ဆင့် အသိပေးအကြောင်းကြားစာများ ပေးပို့ခဲ့သော်လည်း တစ်စုံတစ်ရာ ပြန်ကြားမှု မရှိခဲ့ပါ။ သို့ဖြစ်၍ ဤအကြောင်းကြားစာပါရှိသောရက်မှ ခုနစ်ရက်အတွင်း ဒေါ်တွမ်းရင်ရင်ထံ လာရောက်ဖြေရှင်းဆောင်ရွက်ရန်နှင့် ပျက်ကွက်ပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

လွှဲအပ်ညွှန်ကြားသူ-	**ဦးသန်းလွင် B.A (Law)., LL.B**
ဒေါ်တွမ်းရင်ရင်	**တရားရုံးချုပ်ရှေ့နေ**
၁၃/လရန(နိုင်)၀၀၁၃၇၆။	**အမှတ်-၉/၁၁၊ အခန်း-၂၀၁(ဒီ)၊**
	၃၆လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ဒေါ်အေးဝဏ္ဏစိုး(ခ) ဒေါ်အေးအေးစိုးနှင့် အများသိစေရန်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာရုံလမ်း ၊'' 9999 '' အိမ်ရာ၊ တိုက်(၅၂-B1)၊ အခန်း(၁၂)နေ ဒေါ်ဝေဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

'' 9999 '' အိမ်ရာ၊ တိုက်(၅၂-B1)၊ အခန်း (၂၂)နေ ဒေါ်အေးဝဏ္ဏစိုး(ခ) ဒေါ်အေးအေးစိုး ၁၂/မဂဒ(နိုင်)၁၁၃၁၁၃ သည် ကျွန်ုပ်မိတ်ဆွေ ဒေါ်ဝေဝေလွင်မှ မိမိကိုယ်ပိုင်ငွေဖြင့် ဝယ်ယူ၍ ဒေါ်ဝေဝေလွင်ကိုယ်တိုင် လက်ရှိပိုင်ဆိုင်ထားသော -

(က) ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာရုံလမ်း၊ စရီမာရီယမ္မာန် မယ်တော်ဘုရားကျောင်းပိုင် မြေပေါ်ရှိ ''9999''အိမ်ရာ၊ တိုက်(၅၂-B1)၊ အခန်း(၁၂) နေအိမ်တိုက်ခန်းနှင့် ပတ်သက်သော စာရွက်စာတမ်းများ။
(ခ) လက်ကိုင်ဖုန်းအမှတ် (၀၉-၉၉-၂၈၂၃၆၊ ၀၉-၅၀-၂၀၈၃၃၊ ၀၉-၅၀-၃၈၆၁၀၊ ၀၉-၅၁-၉၉၅၇၅၊ ၀၉-၅၁-၄၄၅၃၇တို့နှင့်ပတ်သက်သော စာရွက်စာတမ်း အထောက်အထားများ။
(ဂ) ဒေါ်ဝေဝေလွင်မှ ဒေါ်အေးဝဏ္ဏစိုး(ခ)ဒေါ်အေးအေးစိုးသို့ ယုံကြည်စွာ အပ်နှံထားသော စုစုပေါင်းငွေကျပ် သိန်း ၁၀၀ (ကျပ်သိန်းတစ်ရာတိတိ)
(ဃ) ဒေါ်အေးဝဏ္ဏစိုး(ခ)ဒေါ်အေးအေးစိုးမှ ဒေါ်ဝေဝေလွင် ယုံကြည်အောင် ပြောဆိုပြီး ခေတ္တငှားရမ်းသွားသည့် အလေးချိန်တစ်ကျပ်သားရှိ ရွှေလက်ကောက်တစ်ကွင်း။
(င) ဒေါ်ဝေဝေလွင်မှ မိသားစုနှင့်အတူ ခေတ္တယာယီခရီးသွားနေခိုက် ဒေါ်အေးဝဏ္ဏစိုး(ခ)ဒေါ်အေးအေးစိုးထံ ခေတ္တယုံကြည်စွာ အပ်နှံထားသော ပစ္စည်းများအနက်မှ အလေးချိန်နှစ်ကျပ်သားရှိ ရွှေဆွဲကြိုးတစ်ကုံး စသည့် ရွှေထည် လက်ဝတ်ရတနာပစ္စည်းများ စသည့်ပစ္စည်းများနှင့် အဖိုးတန် စာရွက်စာတမ်းများကို ယူဆောင်ကာ တိမ်းရှောင်လျက်ရှိပါသဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း အမြန်ဆုံးလာရောက် ဆက်သွယ်ဖြေရှင်းပေးပါရန်၊ အထက်ဖော်ပြပါ (က)မှ (င)အထိပါ ပစ္စည်းများနှင့်ပတ်သက်၍ ဒေါ်ဝေဝေလွင်အား ထိခိုက်နစ်နာဆုံးရှုံးစေရန် မည်သူမျှ မရိုးမဖြောင့်သောသဘောဖြင့်၊ တစ်ဆင့်လွှဲပြောင်း၊ ရောင်းချ၊ ပေါင်နှံခြင်း၊ တစ်စုံတစ်ရာမပြုလုပ်ပါရန်၊ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်းနှင့် အကယ်၍ မလိုက်နာပျက်ကွက်ပါက ဒေါ်အေးဝဏ္ဏစိုး (ခ) ဒေါ်အေးအေးစိုးနှင့် အပေါင်းပါများအား တရားဥပဒေနှင့်အညီ ဆောင်ရွက်၍ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်နီလာအေး(စဉ်-၂၃၀၃၈)
LL.B., D.B.L, D.M.L., D.A.psy
အထက်တန်းရှေ့နေ
တိုက်-၁၁၊ ၃၄လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၉-၉၉-၂၇၂၃၇၊
e-mail: naye 737@g-mail.com.

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဦးစိုးအောင် ၁၂/မဂဒ(နိုင်)၀၁၇၈၅၁၏ သမီးဖြစ်သူ ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်၊ ကမာရွတ်ဘူတာရုံလမ်း၊ ၉၉၉၉အိမ်ရာ၊ တိုက်၅၂-B-1၊ အခန်း၂၂နေ ဒေါ်အေးဝဏ္ဏစိုးသည် မိဘ၊ ညီအစ်ကိုမောင်နှမ၊ ဆွေမျိုးသားချင်းဂုဏ်သိက္ခာနှင့် ကျေးဇူးတရားကို မထောက်ထားသောလုပ်ရပ်များ ပြုလုပ်ခဲ့ပါသဖြင့် ယနေ့မှစ၍ သမီးအဖြစ်မှ စွန့်လွှတ်လိုက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်နှင်းအေး(စဉ်-၂၃၂၇၈) LL.B., D.B.L
အထက်တန်းရှေ့နေ
တိုက်၁၁၊ ၃၄လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်။

ဗလငါးတန် ဖွံ့ဖြိုးဖို့
စာအုပ်စာပေ လေ့လာစို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၉)နေ ဦးကျော်အောင်သာ-ဒေါ်နွယ်နွယ်ရီတို့၏သား မောင်သီဟကျော် ၇/ရတန(နိုင်) ၀၉၈၉၅၄သည် မိဘများဆိုဆုံးမမှုကိုနာခံမှုမရှိဘဲ မိမိသဘော ဆန္ဒအတိုင်း နေအိမ်မှဆင်းသွားပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပြီးဖြစ်ကြောင်း၊ ၎င်းနှင့် ပတ်သက်သော မည်သည့်ကိစ္စမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးပါသည်။

ဦးကျော်အောင်သာ-
ဒေါ်နွယ်နွယ်ရီ။

အမည်ပြောင်း

မော်လမြိုင်မြို့ သီရိမြိုင်ရပ်ကွက် အမှတ်၉၃နေ ဦးရန်နိုင်မျိုး ၉/တကန(နိုင်)၀၉၈၄၈၀ ၏သမီး အမှတ်(၉) အထက ဒုတိယတန်းမှ မပန်းအိအိမျိုးအား မယွန်းပြည့်ပုဏ္ဏမေဟု ပြောင်းလဲခေါ်ပါရန်။ **မယွန်းပြည့်ပုဏ္ဏမေ။**

အလက(၄)မြောက်ဥက္ကလာ ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇန်နဝါရီ ၆

မြောက်ဥက္ကလာပ မြို့နယ် အလက(၄) ကျောင်းသား ကျောင်းသူဟောင်းများ၏ (၁၃)ကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲကို ဇန်နဝါရီ ၂၄ရက် (တနင်္ဂနွေနေ့) နံနက်၉နာရီတွင်အထက်ပါကျောင်း၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသား ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဒါန်းလိုသူများသည် ကိုအေးကျော် ဖုန်း-၀၉- ၅၄-၀၈၃၄၆၊ ကိုသန့်ဇင် ဖုန်း-၀၉-၅၁-၆၆၄၀၈နှင့် ဒေါက်တာ အလိမ္မာထူး ဖုန်း-၀၉-၅၀-၉၁၂၅၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(ပညာရေး)**

ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၊ မြို့ပြလမ်းများကောင်းမွန်စေရန်အတွက် အငယ်တန်းအင်ဂျင်နီယာ-၂ (မြို့ပြ) ဦးရန်နိုင်စိုးနှင့်အဖွဲ့ဝင်တို့က ဆောင်ရွက်သည့် စပယ်လမ်းကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဒီဇင်ဘာ ၅ ရက်က အင်ဂျင်နီယာမှူး ဦးအောင်ထွန်း ကွင်းဆင်းကြည့်ရှုစစ်ဆေးပေးစဉ်။ (မြို့နယ်စည်ပင်)

ဒီဇင်ဘာ ၂၄ရက်က အင်္ဂပူမြို့မဈေးကြီးတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝန်ထမ်းများ၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးကျော်ဇင်ဦး ဦးဆောင်သည့် သန္ဓေအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအေးမောင် ဦးဆောင်သည့် ဈေးသူဈေးသားများ ပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ်စည်ပင်)



မန္တလေးတိုင်း တောင်သာမြို့နယ် ဒဟတ္တွန်းကျေးရွာ သီရိမင်္ဂလာ ကမ္ဘာ့အေးတွင် စုပေါင်းကျောင်းဆောင်သစ်ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့နေ တိုင်းရင်းသမားတော် ဦးကိုကိုကြီး၊ သမီး ဆရာမ ဒေါ်မြင့်မြင့်သန်း (သားမင်းတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေး)မိသားစုက ငွေကျပ်တစ်သိန်းကို ဒီဇင်ဘာ ၂၂ရက်က ပေးအပ် လှူဒါန်းရာ ကျောင်းအကျိုးတော်ဆောင်အဖွဲ့နာယက တိုင်းရင်းသမားတော် ဒေါက်တာ ဆရာမြင့်၊ အတွင်းရေးမှူး ဦးခင်မောင်တင့်၊ ဘဏ္ဍာရေးမှူး ဦးတင်ရွှေနှင့် အဖွဲ့ဝင် ဦးသောင်းမြင့်တို့က လက်ခံယူစဉ်။ (၁၁၈)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။

★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။

★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။

★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

- ■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

* VOA, BBC - ရန်တိုက်ပေးနေသည်။
* RFA, DVB - သွေးထိုးနေသည်။
* ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံများ။
* နားမယောင်လေနဲ့ သတိထား။

မုံရွာခရိုင် ဗောဓိတထောင် ရေလှောင်တမံ တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး တက်ရောက်ဖွင့်လှစ်

နေပြည်တော် ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာ ဗောဓိတထောင် လေးကျွန်းစကြာရပ်တော်မူဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအနီးရှိ ဗောဓိတထောင် ရေလှောင်တမံဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၃၁ရက် နံနက်ပိုင်းတွင် ကျင်းပရာ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းမြင့်၊ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးက အမှာစကား ပြောကြားသည်။

ရင်းရင်းနှီးနှီး နှုတ်ဆက်

ဆက်လက်၍ ဒုတိယဝန်ကြီးက အမှာစကားပြောကြားပြီး ဒေသခံပြည်သူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကာ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် *စာမျက်နှာ ၁၁ ကော်လံ ၁* ✻



မော်လမြိုင်ကျွန်းမြို့ အခြေခံအိမ်တွင်းမှု အထူးသင်တန်း အမှတ်စဉ်(၂)မှ သင်တန်းသူများ အမျိုးသားလည်ကတုံး ရှပ်အင်္ကျီ ချုပ်လုပ်နေကြစဉ်။ (ဓာတ်ပုံ-အာကာကျော်)

စစ်ကိုင်းတိုင်း မုံရွာခရိုင် မုံရွာမြို့နယ် ခတက္ကန်ကျေးရွာအနီး ရေထွက်ချောင်းကိုပိတ်၍ တည်ဆောက်ဖွင့်လှစ်ခဲ့သော ဗောဓိတထောင် ရေလှောင်တမံကို တွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

အခြေခံအိမ်တွင်းမှုပညာဖြင့် အနာဂတ်ဘဝ လှပကြသူများ

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ-အာကာကျော် စာမျက်နှာဖွဲ့စည်းမှု-ခင်သန္တာသိန်း

နေပြည်တော် ဇန်နဝါရီ ၆

အခြေခံအိမ်တွင်းမှု သက်မွေးပညာရပ်များသည် လူတိုင်း တတ်မြောက်သင့်သော အသက်မွေးဝမ်းကျောင်း ပညာရပ်များဖြစ်သည်။ အခြေခံအိမ်တွင်းမှုပညာရပ်များဖြင့် မိမိကိုယ်ပိုင်စီးပွားရေးလုပ်ငန်း ထူထောင်နိုင်ကြသည်။ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်ခြင်းဖြင့် စားဝတ်နေရေး ဘက်စုံတိုးတက်ပြီး လူနေမှုအဆင့်အတန်း မြင့်မားလာမည်ဖြစ်ပါသည်။ *စာမျက်နှာ ၇ ကော်လံ ၁* ●

မြန်မာ့အလင်း သတင်းအညွှန်း

အမေရိကန်နှင့်အပေါင်းပါတပ်ဖွဲ့ဝင်များ ကျူးကျော်စွက်ဖက်ဝင်ရောက်မှုကြောင့် အီရတ်နှင့်အာဖဂန်ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှု အခြေအနေကို စာမျက်နှာ(၄)တွင် ဖော်ပြထားပါသည်။